မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တွေ့ဆုံ မှာကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ ဆောင်၌ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ်များနှင့်အတူ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခက်အခဲများကိုပါ ထည့်သွင်းစဉ်းစား ကြိုတင်ပြင်ဆင်

သင်ကြားမှုအရည်အသွေး တိုးတက်ရန် အရေအတွက်ထက် အရည်အချင်းပြည့်ဝရေး ဦးစားပေးသင်ကြား

သင်ယူတတ်မြောက်ခဲ့သည့် ဘာသာရပ်များဖြင့် လက်တွေ့နယ်ပယ်နှင့် အံဝင်ခွင်ကျအသုံးချနိုင်ရေးကြိုးပမ်း

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဩဂုတ် ၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့သို့ ရောက်ရှိသည်။

ကြိုဆို

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတအား မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမဆောင်၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အတွင်း ရေဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကို ရှင်းလင်းတင်ပြရာတွင် မွန်ပြည်နယ်အတွင်းရှိ ကျိုက်ထိုမြို့နယ်၊ ပေါင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်၊ ချောင်းဆုံမြို့နယ်ရှိ အချို့ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြစ်ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများကြောင့် ပျက်စီးမှုအနည်းအကျဉ်း ဖြစ်ပေါ်ခဲ့ပါကြောင်း၊ မွန်ပြည်နယ်အစိုးရအနေဖြင့် မြစ်ရေကြီးနိုင်သည့် အလားအလာများကို တွက်ဆ၍ ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ထားခဲ့သည့်အပြင် ယခုရေကြီးမှုကြောင့် ပျက်စီးမှုရှိသည့် နေရာများကိုလည်း မိမိတို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကပါ အချိန်မီသွားရောက်၍ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ မွန်ပြည်နယ်တွင် မြစ်ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် အသက်ဆုံးရှုံးမှုများ မရှိပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီးနောက် မွန်ပြည်နယ်အတွင်း မြစ်ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းတို့ကြောင့် ပျက်စီးမှုအခြေအနေ၊ ပြန်လည်တည်ထောင်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ပြန်လည်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကြည့်ရှုအားပေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မော်လမြိုင်တက္ကသိုလ်၌ ခင်းကျင်းပြသထားသည့် ဘာသာရပ်အလိုက် ပါရဂူဘွဲ့ကျမ်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဩဂုတ် ၇ ရက်)

မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေး ဝိုင်းဝန်းဖော်ဆောင်

“ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆိုရှောင်ကြစို့” ဆောင်ပုဒ်အရ မူးယစ်ဆေးဝါးသည် လူထုတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝတိုးတက်ရေးနှင့် အသိဉာဏ်ဗဟုသုတတို့ကို ထိခိုက်ပျက်စီးစေရုံမျှမက ဆင်းရဲမွဲတေမှုအပေါင်းကိုဖြစ်စေသဖြင့် လူမှုဘဝကျန်းမာပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်ရေးနှင့် မူးယစ်ဆေးဝါးကင်းစင်သည့် နယ်မြေဖြစ်ရေးအတွက် ပြည်သူများက မူးယစ်ဆေးဝါးအန္တရာယ်ကို ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယ(၅)နှစ်စီမံကိန်း၏ ဒုတိယနှစ်ကိုရောက်ရှိပြီဖြစ်သည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ၌ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရန် သတ်မှတ်ထားသည့်အတွက် ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပေသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထုပူးပေါင်းပါဝင်ရန် စည်းရုံးဆောင်ရွက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးစီးပွားရှာသောလုပ်ငန်းသည် ကိုလိုနီနယ်ချဲ့များ အာရှတွင်စီးပွားရေးနယ်ချဲ့ အခြေချစဉ်ကတည်းက ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ဘိန်းကင်းကစော်၊ လော်စာ၊ အရက်သုံးစွဲခြင်းကို အမိန့်ပြဋ္ဌာန်းချက်များထုတ်ပြန်တားမြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုများကို ပပျောက်စေရန် ခေတ်အဆက်ဆက်အစိုးရအဖွဲ့များက တိုက်ဖျက်ချေမှုန်းလာကြသည့်နည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင်လည်း ဆက်လက်ပြီးအမြစ်ပါမကျန် တွန်းလှန်တိုက်ဖျက်လျက်ရှိသည်။

သို့ဖြစ်ပေရာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရန် ဘိန်းစိုက်တောင်သူများအား အသိပညာပေးစည်းရုံးခြင်း၊ ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးစေခြင်း၊ အမျိုးသားရေးအမြင်များ တိုးတက်ပြောင်းလဲလာရန် ဆောင်ရွက်ခြင်းနှင့် ဒေသအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းတို့တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကပါ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးညှင်းမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေးကျင်းပ

မိုးညှင်း ဩဂုတ် ၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက မိုးညှင်းမြို့နယ် သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မိုးညှင်းမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးထွန်းစိန်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်လင်းက သမဝါယမအသင်းအဆင့်ဆင့်က ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ရွေးချယ်

ဆက်လက်၍ ကချင်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညွန့်ညွန့်မြင့် (ဝဲပုံ)က မြို့နယ်သမဝါယမအသင်းစု၏ လုပ်ငန်းတာဝန်များ၊ အမှုဆောင်ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်မှုနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ ဦးထွန်းစိန်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ငွေးနှင့်အဖွဲ့ဝင်သုံးဦး၊ အသင်းသားစာရင်းစစ် ဦးခင်မောင်သန်းနှင့် ဦးဝင်းလှတို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အမျိုးသားပညာရည်မြင့်မားရေး ကျွန်းလှ၌ဆွေးနွေး

ကျွန်းလှ ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး ပညာရေးဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးအောင်ထွန်းက အမှာစကားပြောကြားပြီး (အပေါ်ပုံ)အခြေခံပညာ အထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မိုး၊ သစ်ရာမြိုင် အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စန်း၊ လွတ်တိုက်ကျေးရွာ အလယ်တန်းကျောင်းအုပ်ဆရာကြီးဦးအောင်သန်း၊ လက်ထောက်ပညာရေးမှူး ဦးမြင့်စိန်၊ ဦးညွန့်ဝင်းနှင့် ကျောင်းအုပ်စုမှူးများက ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး ပညာရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အထက၊ အလက ငွေစုငွေချေး သမဝါယမအသင်းလီမိတက် ၂၀၁၀-၂၀၁၁ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၃၀ရက်က အထက (၂)ကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ မယွန်းမြတ်သီရိအား အသင်းဥက္ကဋ္ဌ ဦးအောင်သွင်က ဂုဏ်ပြုလက်မှတ်နှင့်ဆုငွေချီးမြှင့်စဉ်။ (ဝ၂ဝ)

ပန်းချီဆရာကြီး ဦးဘကြည် ရာပြည့်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

ပန်းချီဆရာကြီး ဦးဘကြည်၏ နှစ်တစ်ရာပြည့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပြန်ကြားရေးကော်မတီမှ ဥက္ကဋ္ဌအဖြစ် ပန်းချီ နီပိုဦး၊ အတွင်းရေးမှူးအဖြစ် ပန်းချီ လှထွဏ်းအောင်နှင့် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော ရာပြည့်ပွဲကျင်းပရေးကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

နှစ်တစ်ရာပြည့် ပြပွဲတွင် ပြည့်စုံစွာ ခင်းကျင်းပြသနိုင်ရေးနှင့် အမှတ်တရထုတ်ဝေမည့်စာအုပ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် ဆရာကြီးနှင့်ပတ်သက်သည့် ပန်းချီ၊ ပန်းပု၊ ကြော်ငြာ၊ ဆောင်းပါး၊ စာအုပ်၊ စာစောင်၊ စာတမ်းများကို လှူဒါန်းလို၍ဖြစ်စေ၊ ခေတ္တငှားရမ်းလို၍ဖြစ်စေ ရာပြည့်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပန်းချီ နီပိုဦး ဖုန်း-၀၉-၇၃၀၂၇၉၃၆၊ အတွင်းရေးမှူး ပန်းချီလှထွဏ်းအောင် ဖုန်း - ၀၉-၅၄၀၂၂၇၅၊ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ရုံးအဖွဲ့မှူး ဦးတင်ဝင်း ဖုန်း-၀၁-၂၄၀၉၆၆၊ လိုင်းခွဲ-၇၀၆၊ ၀၁-၃၈၅၂၅၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(ရိုးရာပန်းပညာရှင်များအစည်းအရုံး)

အရိပ်ရပင်စိုက်ပျိုး

စစ်တွေမြို့ ပြည်ထောင်စုလမ်းဘေးဝဲယာတွင် ဇူလိုင် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးတင်န ကြီးကြပ်လျက် ဝန်ထမ်းများက အရိပ်ရသစ်ပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

မဲဘောင်–နှောင်ပလိန်လမ်း ကျောက်ချောခင်းမည်

ဘားအံ ဩဂုတ် ၆

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လှာကမြင်ကျေးရွာ မဲဘောင်-နှောင်ပလိန်လမ်း ကျောက်ချောခင်းရန်အတွက် ကျောက်စုဆောင်းခြင်းကို ဩဂုတ်၂ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် တစ်မျိုးတည်းကို မျိုးသန့်ဇုန်အဖြစ် စိုက်ပျိုး

ရှင်းလင်းဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းဧက(၃၀)၌ စစ်တွေခရိုင်နှင့် သံတွဲခရိုင်တို့မှ တောင်သူလယ်သမားများအား ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းဧက(၃၀)၌ ရခိုင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာနဝန်ကြီး ဦးကျော်သိန်း ဦးဆောင်သော စစ်တွေခရိုင်မှ တောင်သူ လယ်သမား ၂၀ နှင့် သံတွဲခရိုင်မှ တောင်သူ လယ်သမား၃၂ဦး စုစုပေါင်း လေ့လာရေး တောင်သူလယ်သမား ၅၂ ဦး တို့အား စံနမူနာပြ စိုက်ပျိုးထားရှိသော အထူး အထွက်တိုး စပါးခင်းနှင့် အထူးအထွက်တိုး ရေဆင်း-၁ နေကြာစိုက်ခင်းများကို ကိုယ်တိုင်ကိုယ်ကျ တရင်းတနှီးရှင်းလင်းပြသ ကြသည်။

ရွေးချယ်စိုက်ပျိုး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍ အောင်မြင်စေရန် လုပ်ငန်းရှင်များ၊ ပညာရှင် နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးကို တစ်ကေချင်းမှစ၍ စနစ်တကျ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ တောင်သူလယ် သမားများအနေဖြင့် တစ်ယောက်တစ်မျိုး၊ မျိုးကွဲမျိုးစုံ ပြန့်ကြဲစိုက်ပျိုးကြမည့်အစား မိမိဒေသ၌ ဖြစ်ထွန်းအောင်မြင်သော အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် တစ်မျိုးတည်းကိုသာ ရွေးချယ်ပြီး မျိုးသန့်ဇုန်အဖြစ် စိုက်ပျိုးကြရန်နှင့် အထွက်ကောင်းပြီး ဆန်စပါးအရည်အသွေး ကောင်းကို မျိုးအဖြစ် ရွေးချယ်စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ရခိုင်ပြည်နယ်မှ လေ့လာရေးတောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်အရင်းအနှီး ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးမည့် အသေးစားငွေစုငွေချေးအသင်းအဖွဲ့များ ဖွဲ့စည်းလျက် ပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

လေ့လာရေး အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ အကျိုးဆောင်တောင်သူ ဦးဇေယျာထွန်းညို၏ သိပ္ပံနည်းကျ အထူးအထွက်တိုး စပါးစိုက်ခင်း ဧက(၄၀)တွင် သက်တမ်းရက် ၅၀ ခန့်ရှိ စပါးပင်များ၏ ပင်ပွားများ ဖြစ်ထွန်းအောင်မြင်နေမှု၊ သိပ္ပံနည်းကျ (၁၄)ချက်ဖြင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကျီအင်းကျေးရွာအနီး၌ စံနမူနာပြ စိုက်ပျိုးထားသော တစ်ဧကပျမ်းမျှ တန်(၆၀)အထက် ထွက်ရှိနိုင်မည့် ကြံအထူး အထွက်တိုး(၁၀)ဧက စိုက်ခင်းကိုလည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ အထူးအထွက်တိုး စပါးခင်းများ သုတေသနပြု ဆောင်ရွက်ထားရှိမှုနှင့် ဓာတ်ခွဲခန်းများ၊ သုတေသန ပြခန်းပြကွက်များကို လည်းကောင်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၏ မျိုးစေ့ဘဏ်၌ ခေတ်မီအအေးပေး နည်းစနစ်ဖြင့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို မူလဗီဇမပျက် သိုလှောင်ထိန်းသိမ်းထားရှိမှုများကို လည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာ မျိုးသန့် မျိုးပွား(၁၀) ဧက စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် နဂါးပေါက်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နဂါးပေါက်တံတား အချောသပ်လုပ်ငန်း အမြန်ပြီးစီးအောင် ဆောင်ရွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား

နေပြည်တော် ဩဂုတ် ၆

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သည် ဩဂုတ် ၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်း (ဘုရားကြီး-စစ်တောင်းလမ်းအပိုင်း)၌ ရွှေသံလွင်ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်းလုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၇/၄)ရှိ နဂါးပေါက် တံတားသို့ရောက်ရှိရာ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဒေါ်သိန်းနုက နဂါးပေါက်တံတား တည်ဆောက်ပြီးစီးမှု၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တံတားအချောသပ်လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားလက်ရန်းများကိုလည်း လက်ရာ သေသေသပ်သပ်ဖြင့် ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရန်၊ တံတားချဉ်းကပ်လမ်း လုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒိုက်ဦးဘက်ကမ်း ရှင်းလင်းဆောင်မှ နဂါးပေါက်တံတား တည်ဆောက်ပြီးစီးမှု၊ တံတားကြမ်းခင်းနှင့် လက်ရန်းများ အချောသပ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်း မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နဂါးပေါက်တံတားသည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင် အမှတ်(၇/၄)တွင် တည်ရှိကာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်း တံတားအရှည် ပေ ၂၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံး ပေစီပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သည် အဆိုပါလမ်းပေါ်ရှိ တံတားအမှတ် (၁/၆) စစ်တောင်းတူးမြောင်းဖြတ် တံတားသို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဒေါ်သန်းရီက တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် လူအင်အား၊ စက်ယန္တရား အင်အားအပြည့်ဖြင့် နေ့/ည ဆောင်ရွက်ရန်၊ ပစ္စည်းအလေအလွင့် မရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စုမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ Johns Hopkins University မှ Director of Asian Studies Professor, Dr.Karl D.Jackson နှင့် ကမ္ဘာ့ဘဏ်ဌာနမှူးဟောင်း Prof. Mr. Jennifer Sullivan တို့သည် ဩဂုတ် ၅ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ယာပုံ)** ကျန်းမာရေး ဝန်ထမ်းများ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ Johns Hopkins University တွင် မဟာဘွဲ့လွန်နှင့် ရက်တိုသင်တန်းများ တက်ရောက်ခွင့်ရရှိရေး အစီအစဉ်များ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် ဌာနများသို့ သွားရောက်လေ့လာရေး အစီအစဉ်များအတွက် ပံ့ပိုးပေးရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါ Sibutramine ပါဝင်သော ပိန်ဆေးများသည် သုံးစွဲသူအတွက် နှလုံးရောဂါ၊ စိတ်ဝေဒနာနှင့် အတက်ရောဂါဖြစ်နိုင်သဖြင့် အများပြည်သူများ ဝယ်ယူသုံးစွဲရန်မသင့်ကြောင်း အသိပေးနှိုးဆော်အပ်သည်။

စဉ်	ဆေးအမည်		
၁။	Nobese 15mg Capsule	၇။	Accent 15mg Capsule
၂။	Nobese 10 Capsule	၈။	Accent 10mg Capsule
၃။	Slenfig- 10 Hard Gelatin Capsule	၉။	Obirax -10 Capsule
၄။	Slenfig-15 Hard Gelatin Capsule	၁၀။	Obenil -5 Capsule
၅။	Slimmax-10 Capsule	၁၁။	Redumin 10mg Capsule
၆။	Slimmax-5 Capsule	၁၂။	Redumin 15mg Capsule

ကျန်းမာရေးဝန်ကြီးဌာန။

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၆-၈-၂၀၁၁

နေပြည်တော်(လေဆိပ်)	၁ ဒသမ	၁၅ လက်မ
ပူတာအိုမြို့	၇ ဒသမ	၄၈ လက်မ
တောင်ကုတ်မြို့	၆ ဒသမ	၈၁ လက်မ
မချမ်းဘောမြို့	၄ ဒသမ	၆၉ လက်မ
ကျောက်တော်မြို့	၃ ဒသမ	၇၈ လက်မ
မာန်အောင်မြို့	၂ ဒသမ	၈၇ လက်မ
ပလက်ဝမြို့	၂ ဒသမ	၇၆ လက်မ

● *ကျောဖုံးမှ*

(၁)ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို ယခင်ကတည်းက ဆောင်ရွက်နေသည်မှာ မှန်သော်လည်း ယခုအခါ ဖြေလျှော့ပေးသော စနစ်သစ်နှင့်အညီ လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကို ဝန်ထမ်းတိုင်းသိရှိနားလည်ပြီး အထူးအလေးအနက်ထား ဆောင်ရွက်ကြရန်လိုကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးအတွက်လည်း စနစ်တကျဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မှုများသည် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်ကိုလည်း သိရှိထားရန်လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ အားနည်းချက်၊ အားသာချက်များကို အမြဲပြန်လည်သုံးသပ်ကာ အားနည်းချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရှင်းလင်းမှာကြား

ဝန်ထမ်းတိုင်း မှန်ကန်သောအတွေးအခေါ်များအပေါ် အခြေခံ၍ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာဖြင့် စေတနာထားဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ထမ်းကောင်း ပီသစွာပြောဆိုကျင့်ကြံဆောင်ရွက်၍ လာဘ်ပေး လာဘ်ယူမှုကင်းရှင်းရန်လိုကြောင်း၊ ယခုဆောင်ရွက်ချက်များသည် ထိရောက်အောင်မြင်မှုများ ရရှိနေပြီဖြစ်၍ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင်မြင်ရေးအတွက် တာဝန်သိသိ၊ သစ္စာရှိရှိ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံနယ်စပ်၌ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့သော ထိုင်းကြည်းတပ်၏ ရဟတ်ယာဉ် ပြန်လည်ရှာဖွေရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ထိုင်းနိုင်ငံဘက်မှ ပြန်ကြား

နေပြည်တော် ဩဂုတ် ၆

၂၀၁၁ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်၌ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့သော ထိုင်းကြည်းတပ်၏ Black Hawk ရဟတ်ယာဉ် ပြန်လည်ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာစစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများအား ထိုင်းအစိုးရ၊ ထိုင်းဘုရင့်တပ်မတော်တို့က ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi မှတစ်ဆင့် ဇူလိုင် ၂၇ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စာတစ်စောင်ပေးပို့လာကြောင်း သိရှိရသည်။

ရှာဖွေတွေ့ရှိ

အဆိုပါစာ၌ ၂၀၁၁ခုနှစ် ဇူလိုင် ၁၉ရက် နံနက်ပိုင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်၌ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့သော ထိုင်းကြည်းတပ်၏ Black Hawk ရဟတ်ယာဉ် ပြန်လည်ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်နိုင်ငံ တပ်မတော်အကြား ပူးပေါင်းကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှုများကြောင့် ယင်းရဟတ်ယာဉ် အစိတ်အပိုင်းများနှင့် ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါသွားသော အမှတ်(၉) ခြေလျင်စစ်တိုင်းမှူး Major General Tawan Ruangsri အပါအဝင် ထိုင်းစစ်သည်များ၏ ရုပ်အလောင်းများကို အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့ပါကြောင်း။

ယင်းသို့ နှစ်ဖက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုများသည် မိမိတို့နှစ်နိုင်ငံအစိုးရအကြားနှင့် တပ်မတော်နှစ်ရပ်အကြား အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးပါသောသမိုင်းမှတ်တိုင်တစ်ခုကို ဖြစ်ပေါ်စေပါကြောင်းဖြင့် ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာရုံး၌ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ခရိုင်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်၊ တောင်ငူခရိုင်ဘဏ်၊ ခရိုင်အခွန်ဦးစီးဌာနမှူးရုံး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အုတ်တွင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်မန်နေဂျာရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့်အတူ ပဲခူးမြို့ ရွှေဝါထွန်းခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ တာဝန်ခံအရာရှိများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ မြို့နေပြည်သူများ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တာဝန်ကျရာ အခန်းကဏ္ဍက ကူညီဖြည့်ဆည်းပေးရန်၊ ဌာနအလိုက် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး အလေးထားဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူများ စျေးနှုန်းသက်သာ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေး မိုဘိုင်းတိုးချဲ့စီမံကိန်း အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်သည့်နေရာတွင် ဆက်သွယ်ရေးကဏ္ဍအနေဖြင့် အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် မိုဘိုင်းဆက်သွယ်မှု ကွန်ရက်တိုးချဲ့ရေးစီမံကိန်းကို အောင်မြင်အောင်အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် G.S.M မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအစည်းအဝေး၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဤစီမံကိန်းသည် တစ်နိုင်ငံလုံးရှိ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို စျေးနှုန်းသက်သာစွာဖြင့် တစ်ဦးနှင့်တစ်ဦး အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်ရေးအတွက် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့် ပုဂ္ဂလိကတို့အတူလက်တွဲ၍ ဤမိုဘိုင်းတယ်လီဖုန်းဆက်သွယ်မှု စီမံကိန်းကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် G.S.M မိုဘိုင်းတိုးချဲ့ခြင်း စီမံကိန်းမန်နေဂျာတို့က G.S.M မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ ပထမနှစ် လိုင်းလေးသန်း တိုးချဲ့ဆောင်ရွက်ရေးနှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းအတွက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို တင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက G.S.M မိုဘိုင်းတိုးချဲ့ခြင်း စီမံကိန်းသည် မိမိတို့အားလုံးအတွက် မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အဘက်ဘက်က စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း G.S.M မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးစီမံကိန်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်ပန်းတောင်း မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ အကောက်ခွန်ဓမ္မသုခရိပ်သာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်မိသားစုများ၏ အသက် (၇၅)နှစ်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့မည်ဖြစ်ပြီး ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၄၃၀၄၃၅၊ သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးရဲညွန့် ဖုန်း-၅၄၈၈၃၈၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးသန်းထွန်း ဖုန်း-၅၇၁၇၅၆နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ငါးရစ်ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

လယ်ယာကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး များစွာအရေးပါ

ပြည်တွင်းပြည်ပ ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့် စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၆

ရောကြံခင်း ဆန်စပါးအထူးပြု ကုမ္ပဏီ၏ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး စိုက်ပျိုးမည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ဧရာဦးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်၍ အမှာစကားပြောကြားရာတွင် ရောကြံခင်း ဆန်စပါးအထူးပြု ကုမ္ပဏီသည် ကြံခင်းမြို့နယ်မှ မိုးစပါးစိုက်တောင်သူ ၄၂၁၃ဦးအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စိုက်ပျိုးဧက ၁၁၄၅၄အတွက် ငွေကျပ်သိန်း ၃၄၃၆ ဒသမ ၂၀ ကို ပံ့ပိုးသွားမည့်အပြင် ရိတ်သိမ်းချိန်ကာလများ၌ လိုအပ်သည့် ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်၊ သိုလှောင်ရုံများ ထပ်မံပံ့ပိုးသွားမည့် အစီအစဉ်များရှိ၍ လယ်ယာကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ တောင်သူလယ်သမားများ အနေဖြင့်လည်း ပြည်တွင်း ပြည်ပဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပြီး အရည်အသွေးပိုင်း တိုးတက်လာရန် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် အနက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အရေးပါသကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးစားလုပ်ဆောင်သွားကြစေလိုကြောင်း မှာကြားသည်။

မှာကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အထူးပြုကုမ္ပဏီများမှ ထုတ်ပေးသော ချေးငွေများကို လယ်ယာကဏ္ဍတွင် ထိထိရောက်ရောက် အသုံးပြုစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက မြို့နယ်အတွင်း လယ်ယာမြေဖော်ထုတ်မှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ရောကြံခင်း ဆန်စပါးအထူးပြု ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအေးက တောင်သူလယ်သမားများထံ စိုက်ပျိုးစရိတ်များ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လယ်ယာသုံးစက်ကိရိယာအရောင်းပြခန်းများနှင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ထုတ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြည်မြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) လုပ်ငန်းဖြစ်သည့် ကြိမ်/ဝါး အိမ်တွင်းလက်မှုလုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ရေး အစုအဖွဲ့၏ အရောင်းပြခန်းအတွင်း ခင်းကျင်းပြသထားသော လက်မှုပစ္စည်းများနှင့် လုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုကြကာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးသွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ

(၂၀၁၁-ဩဂုတ်လ)

၁။ မွေးစမှ ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

၂။ အသက် (၆)လမှ (၅)နှစ်အောက်ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

၃။ အသက် (၂)နှစ်မှ (၅)နှစ်အောက်ကလေးများနှင့် မူလတန်းအရွယ်ကလေးများကို (၆)လတစ်ကြိမ် သန်ချဆေးတိုက်ပါ။

၄။ အမျိုးသမီးများ သံဓာတ်အားဆေး မှီဝဲပါ။

၅။ ကိုယ်ဝန်(၃)လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။

၆။ ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး (၃)လအထိ ဗီတာမင်ဘီဝမ်းဆေးပြား တိုက်ကျွေးပါ။

၇။ မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၈။ အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဒီဂရီကောလိပ်နှင့် အခြေခံကျောင်းများ လှည့်လည်စစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (တောင်သာ) သို့ သွားရောက်၍ တိုင်းဒေသကြီး ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံပြီး ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို မှာကြားခဲ့သည်။

မှာကြား

ထို့မှတစ်ဆင့် အခြေခံပညာအထက်တန်းကျောင်း (ဝဲလောင်)၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် လည်းကောင်း၊ မြင်းခြံဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းဒေသကြီး ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်လည်းကောင်း တွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (ပဲကူ)နှင့် အခြေခံပညာအထက်တန်းကျောင်း (မြင်းမူ)တို့သို့ သွားရောက်၍ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား UNHCR ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်ဌေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ၂၀၁၁-၂၀၁၂ မိုးစပါးစိုက် တောင်သူများအတွက် စိုက်ပျိုးစရိတ် ပေးအပ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်အား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိုးစပါးစိုက်ကေစာရင်း ဇီးကုန်း၌ ကွင်းဆင်းကောက်ယူ

ဇီးကုန်း ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း တောင်သူတစ်ဦးချင်းအလိုက် စိုက်ပျိုးရေယာများနှင့် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးမြေပြင်အမှန်စိုက်ကေများ ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို မြို့နယ် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက တစ်မြို့နယ်လုံးတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်က ဝက်စာပိုးကျေးရွာအုပ်စုတွင် စာရင်းကောက်ယူနေမှုကို မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးတင်ကိုဦး၊ ဒုတိယဦးစီးမှူး ဦးလှဌေး၊ လက်ထောက်ဦးစီးမှူး ဦးမြင့်သိန်းတို့က ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**

ဇီးကုန်းမြို့နယ်ရှိ ကျန်ကျေးရွာများတွင် တာဝန်ကျမြေစာရင်းဝန်ထမ်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဦးဆောင်လျက် ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်များ လွယ်ကူစွာထုတ်ပေးရေး ဟင်္သာတခရိုင်၌ ဆောင်ရွက်

ဟင်္သာတ ဩဂုတ် ၆

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို ဟင်္သာတခရိုင်အတွင်း ဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မျိုး၊ ဇလွန်မြို့နယ် ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးစောတင်သိန်းနှင့် ဝန်ထမ်းများ ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ဧရာဝတီမြစ်ကမ်းဘေးရှိ ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စုရှိ ကျေးရွာများသို့ စက်လှေများဖြင့် သွားရောက်ကြပြီး ပြည်သူများ သိရှိနိုင်ရန် လက်ကမ်းစာစောင်များအိမ်တိုင်ရာရောက် ဖြန့်ဝေပေးအပ်ကြသည်။ (ဝဲပုံ)

ဆောင်ရွက်ပေး

ဆက်လက်၍ ဟင်္သာတခရိုင်အတွင်း ကျန်ရှိနေသေးသည့် နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လျင်မြန်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (၀၇၅)

နေပြည်တော်သတင်းစာတိုက်နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ရှိ ဝန်ထမ်းမိသားစုများ၏ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ခင်းများ

ဒုတိယဝန်ကြီး ဦးစိုးဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော်သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စိုက်ပျိုးထားသည့် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် နေပြည်တော် သတင်းစာတိုက် ဝန်ထမ်းအိမ်ရာရှိ မြန်မာ့အလင်းဝန်ထမ်း အိမ်ရာမိသားစုများ စိုက်ပျိုးထားသည့် ကန်စွန်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ ငရုတ်၊ ခရမ်း၊ ခရမ်းချဉ်၊ဒန့်သလွန်၊ တိုင်ထောင်ပဲ၊ ကင်ပွန်းချဉ်၊ ရဲယို၊ ပေါက်ပန်းဖြူ၊ သဘော်၊ သရက်၊ ပြောင်းစိုက်ခင်းများနှင့် ဘူးစင်တို့ကိုလည်းကောင်း၊ ကြေးမုံ ဝန်ထမ်းအိမ်ရာမိသားစုများ စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံ စိုက်ခင်းများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော်သတင်းစာတိုက်ဝင်းအတွင်း ဝန်ထမ်းများ စိုက်ပျိုးထားသည့် မြန်မာ့သတင်းစဉ်၊ ကြေးမုံ၊ မြန်မာ့အလင်းနှင့် The New Light of Myanmar သတင်းစာတိုက်တို့၏ ရာသီသီးနှံစိုက်ခင်းနှင့်နှစ်ရှည်သီးနှံစိုက်ခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပေါင်းသင်၊ မြေဆွ ပြုလုပ်နေကြသည့် ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဝန်ထမ်းများ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော စိန်တစ်လုံး သရက်စိုက်ခင်းနှင့် တစ်အုပ်တစ်မ ရတနာတန်းဝင် ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ယင်းနောက် နေပြည်တော်ပုံနှိပ် စက်ရုံဝင်းအတွင်းရှိ ရာသီသီးနှံ စိုက်ခင်း နှင့် နှစ်ရှည်သီးနှံစိုက်ခင်း၊ ဝန်ထမ်းများ၏ စိန်တစ်လုံးသရက် စိုက်ခင်းတို့ကို လှည့် လည်ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးရဲတင့်က လိုက်လံ ရှင်းလင်းပြသသည်။

စိုက်ပျိုးထား

နေပြည်တော်သတင်းစာတိုက်နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့၌ ရတနာ တန်းဝင်ကျွန်းပင်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ရင်းမာပင်များ၊ နှစ်ရှည်ပင်နှင့် အရိပ်ရ လေကာပင်များဖြစ်သော စိန်ပန်း၊ စွယ်တော်၊ တမာ၊ ပိတောက်၊ ငု၊ ကံ့ကော် နှင့်ခရေပင်များ၊ နှစ်ရှည်သီးပင် စားပင် များဖြစ်သော ဒန့်သလွန်၊ ဆူးပုပ်၊ ပေါက်ပန်းဖြူ၊ ကင်ပွန်းချဉ်၊ ရဲယို၊ ရှောက်၊ ငှက်ပျော၊ သရက်နှင့် သဘော်ပင်များ၊ ရာသီသီးနှံပင်များဖြစ်သော ကန်စွန်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ ငရုတ်၊ခရမ်း၊ ခရမ်းချဉ်၊ ပြောင်း၊ ကြက်ဟင်းခါး၊ မုန်ညင်း၊ တိုင်ထောင်ပဲ၊ တိုင်လွတ်ပဲ၊ ဘူးနှင့် ဖရုံပင် များကို စိုက်ပျိုးထားသည်။

ထိန်းသိမ်းစောင့်ရှောက်

ဒုတိယဝန်ကြီး ဦးစိုးဝင်းက နေပြည်တော် သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ခင်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားရာတွင် စိုက်ပျိုးခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို ဝန်ထမ်းများ ယခု လက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း၊ ရာသီသီးနှံများကို ပြင်ပမှ ဝယ်ယူ စားသောက်ရခြင်းမရှိတော့သည့်အပြင် ပိုလျှံသော သီးနှံများကို ရောင်းချနိုင်၍ မိသားစု အပိုဝင်ငွေများရရှိကြသဖြင့် ဝမ်းမြောက်ပါကြောင်း၊ စိန်တစ်လုံး သရက်ပင်များအပါအဝင် နှစ်ရှည်သီးနှံ ပင်များ၊ အရိပ်ရလေကာပင်နှင့် ကျွန်းပင် များကို ရှင်သန်အောင် ဆက်လက်ပြုစု ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်း ဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း နေပြည်တော်သတင်းစာတိုက် ဝန်ထမ်းအိမ်ရာရှိ မြန်မာ့အလင်းဝန်ထမ်းအိမ်ရာ မိသားစုများ စိုက်ပျိုးထားသည့် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရေစုကန်တည်ဆောက်

ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် အောင်ဆန်းပြည်သာယာ ရေလှောင်တွင်းတွင် ဂါလန် ၁၀၀၀၀၀ဆံ့ ကွန်ကရစ်ရေစုကန် တည်ဆောက်နေမှုကို အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူနှင့် လက်ထောက်အင်ဂျင် နီယာ ဦးခင်မောင်လတ်တို့ ဩဂုတ် ၁ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ နမ့်ခမ်း အထက၃ ကျင်းပ

နမ့်ခမ်း ဩဂုတ် ၆

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သီရိရွှေရည်ခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက်ကကျင်းပရာ မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲဝင်းက အမှာစကား ပြောကြားပြီး နမ့်ခမ်းမြို့နယ် ဦးစီးဌာနမှူး ဦးအန်ယင်းက နိုင်ငံသားအရည်အချင်း ပြည့်မီသူ ကျောင်းသား ကျောင်းသူ ၇၄ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာကြီး ဦးရွှေဒေါင်းထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်



ပေကျင်း ဩဂုတ် ၆

တရုတ်နိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချထားသော ဂျပန်ဟွန်ဒါကုမ္ပဏီထုတ် ကားအစီးရေ ၇၆၀၅၁၅ ကို အော်တိုဂီယာစနစ်ချွတ်ယွင်းမှုကြောင့် ဈေးကွက်မှ ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံမှ မော်တော်ယာဉ်အရည်အသွေး စစ်ဆေးရေးအဖွဲ့က ဩဂုတ် ၆ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ရောင်းချနေ

ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းနေသော ဟွန်ဒါကုမ္ပဏီထုတ် မော်တော်ကားများမှာ အက်ကော့ဒ်၊ အော်ဒီဆေးနှင့်စပီရီရာ မော်ဒယ်အမျိုးအစားများဖြစ်ကြသည်။ ဟွန်ဒါကုမ္ပဏီသည် တရုတ်နိုင်ငံတွင် ကွမ်ကျိုးဟွန်ဒါမော်တော်ကားကုမ္ပဏီ၊ ဒေါင်ဖန်းဟွန်ဒါမော်တော်ကားကုမ္ပဏီတို့နှင့် အကျိုးတူပူးပေါင်းကာ မော်တော်ကားများထုတ်လုပ်ရောင်းချနေခြင်း ဖြစ်သည်။

တပ်ဆင်ပေး

အော်တိုဂီယာစနစ်ချွတ်ယွင်းနေသော မော်တော်ယာဉ်များကို ဩဂုတ် ၈ရက်မှစတင်ကာ ပြန်လည်သိမ်းဆည်းမည်ဖြစ်ကြောင်း၊ ခေတ်မီအော်တိုဂီယာကို အခမဲ့အစားထိုးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ရေခဲမြစ်လေ့လာရေး ဗြိတိန်လူငယ်အဖွဲ့ ဝက်ဝံတိုက်ခိုက်သဖြင့် တစ်ဦးသေဆုံး

လန်ဒန် ဩဂုတ် ၆

နော်ဝေနိုင်ငံ အက်ဗာလ်ဘတ်ကျွန်းပေါ်တွင် လေ့လာသုတေသနပြုနေကြသော ၁၂ ဦးပါရှိသည့် ဗြိတိန်ကျောင်းသားအဖွဲ့အား ဝင်ရိုးစွန်းဝက်ဝံတစ်ကောင်က တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဩဂုတ် ၆ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံးသွားသည့် ကျောင်းသားလူငယ်မှာ အသက် ၁၇ နှစ်အရွယ် ဟိုရာကီရိုချာပလီဖြစ်ပြီး ဝီလ်ရှိုင်းယားမြို့၌ နေထိုင်သူဖြစ်သည်။ ဒဏ်ရာရရှိသူ လေးဦးအနက် နှစ်ဦးမှာ ၎င်းလေ့လာရေးအဖွဲ့၏ ခေါင်းဆောင်နှစ်ဦးဖြစ်ကြပြီး ဒဏ်ရာရရှိသူများ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။

တိုက်ခိုက်

ဖြစ်ပွားမှုမှာ ဗြိတိန်လူငယ်လေ့လာရေးအဖွဲ့သည် အက်ဗာလ်ဘတ်ကျွန်းပေါ်ရှိ လောင်းယီးယားဘယန်မြို့မှ ၂၅ မိုင်ခန့်အကွာ ဗွန်ပို့ဒ်ရေခဲမြစ်အနီး ဩဂုတ် ၅ ရက်က လေ့လာနေကြစဉ် ဝင်ရိုးစွန်းဝက်ဝံတစ်ကောင်က ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ရာမှ ဟိုရာကီရိုချာပလီ သေဆုံးခဲ့ရခြင်းဖြစ်သည်။

အကူအညီပေး

ထိုသို့ ဝက်ဝံတိုက်ခိုက်မှုဖြစ်ပွားသည်နှင့် လူငယ်များက အက်ဗာလ်ဘတ်ကျွန်း အာဏာပိုင်များထံ ဂြိုဟ်တုဖုန်းဖြင့်ဆက်သွယ်ကာ အကူအညီတောင်းခံခဲ့သည်။ ထို့ကြောင့် အခင်းဖြစ်ပွားရာသို့ ရဟတ်ယာဉ်တစ်စင်းစေလွှတ်ပြီး ၎င်းတို့အား အကူအညီပေးခဲ့သည်။

ဗြိတိန်လူငယ်လေ့လာရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ၎င်းဝက်ဝံအား ပစ်သတ်ခဲ့သည်။ (အောက်ပုံ)ဒဏ်ရာရရှိသူများကို လောင်းယီးယားဘယန်မြို့ဆေးရုံသို့ ရဟတ်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်။

(အင်တာနက်)

အမေရိကန်ခရီးသည်တင်လေယာဉ် ဖီလာဒယ်လ်ဖီးယားလေဆိပ်၌ ဗုံးလန့်မှုဖြစ်ပွား

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန်နိုင်ငံ ဖီလာဒယ်လ်ဖီးယား နိုင်ငံတကာလေဆိပ်ရှိ ရပ်နားရာနေရာတစ်နေရာတွင် ပျံသန်းရန် အသင့်ဖြစ်နေသည့် အမေရိကန်အဲလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းအတွင်း ဗုံးထောင်ထားသည်ဟူသော သတင်းတစ်ရပ် လက်ခံရရှိပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ရှာဖွေခဲ့ရာ ပေါက်ကွဲစေတတ်သောပစ္စည်း တစ်စုံတရာမျှမတွေ့ရှိရကြောင်း လေဆိပ်အာဏာပိုင်များက ဩဂုတ် ၆ ရက်၌ ပြောကြားသည်။ ***(အပေါ်ပုံ)***

ပြုလုပ်ခဲ့

အဆိုပါ လေယာဉ်ပေါ်တွင် ခရီးသည် ၁၅၇ ဦးနှင့် လေယာဉ်အမှုထမ်း ခြောက်ဦးတို့အား ဗုံးလန့်မှုကြောင့် ဘေးကင်းရာသို့အမြန်ရွှေ့ပြောင်းပေးခဲ့ပြီး လေယာဉ်အတွင်း ဗုံးရှာဖွေမှုများပြုလုပ်ခဲ့ကြသည်ဟု လုံခြုံရေးအရာရှိများက ပြောကြားသည်။

၎င်းလေဆိပ်တွင် ရပ်ထားသောဘိုးရင်း-၇၅၇ လေယာဉ်အတွင်း ဗုံးမတွေ့ရှိရသဖြင့် လေယာဉ်ပျံသန်းမှုခရီးစဉ် ၉၆၈ အဖြစ် ဖီလာဒယ်လ်ဖီးယားလေဆိပ်မှ ပျံသန်းထွက်ခွာခွင့်ပြုခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ထောက်လှမ်းရေးဗျူရိုမှ အရာရှိတစ်ဦးဖြစ်သူ ဂျေဂျေကလာဗာက ပြောကြားသည်။

ဖြစ်ပွား

ယင်းခြိမ်းခြောက်မှုသတင်းကို မည်သည့်အဖွဲ့အစည်းက ပေးပို့ခြင်းဖြစ်သည်ကို မသိရှိရကြောင်း၊ ဖီလာဒယ်လ်ဖီးယား လေဆိပ်တွင် ဆိုက်ရောက်ရပ်နားနေရာ ခုနစ်နေရာရှိရာ ယခုဖြစ်ပွားသည့်စကြိုမှာ အမေရိကန်အဲလေကြောင်းမှလေယာဉ်များ အသုံးပြုသည့် နေရာဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေးဆင်ပ်ဟွာ

အာဟာရပြည့်လျှင် ရောဂါဝင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

ကျန်းမာရေးဝန်ကြီးဌာနသည် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးတို့ကို ရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားပြီး ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နည်းနာ(၃)ရပ်အဖြစ် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသမှုပေးခြင်းတို့ကို သတ်မှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် မဖွံ့ဖြိုးသေးသောနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးပြီးသော နိုင်ငံဖြစ်စေ အာဟာရပြဿနာ ကင်းရှင်းသောနိုင်ငံဟူ၍ မရှိပါ။ အာဟာရချို့တဲ့မှုပြဿနာ သို့မဟုတ် အာဟာရလွန်ကဲမှုပြဿနာ သို့မဟုတ် နှစ်မျိုးစလုံးကို ရင်ဆိုင်ကြုံတွေ့ ဖြေရှင်းနေကြရသည်သာ ဖြစ်ပါသည်။ အာဟာရပြည့်ဝမှုတခြင်းသည် သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးတို့အတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အာဟာရပြည့်ဝမှုတစ္စာ မစားသုံးတတ်သဖြင့် ကြုံတွေ့ရသည့် အာဟာရချို့တဲ့မှုအမျိုးမျိုးသည် အထူးသဖြင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ရောဂါအမျိုးမျိုးတို့ကို ခံစားရစေနိုင်ရုံမျှမက အခန့်မသင့်ပါက အသက်ဆုံးရှုံးသည်အထိ အန္တရာယ်ပေးနိုင်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် နို့တိုက်မိခင်တို့သည် အာဟာရပြည့်ဝသော အစားအသောက်များကို သာမန်ထက်ပိုမိုစားသုံးရန် လိုအပ်ပါသည်။ အချို့သော ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် သန္ဓေသားကို ထိခိုက်မည် စိုးရိမ်သောကြောင့်လည်းကောင်း၊ ကလေးထွားပြီး မွေးဖွားရာတွင် ခက်ခဲမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း အစားအမျိုးမျိုးကို ရှောင်ကြဉ်ကြခြင်းသည် လွန်စွာမှားယွင်းသော အယူအဆဖြစ်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေနှင့် အာဟာရဓာတ်ကြွယ်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားသုံးမှသာ မိခင်သည် ကျန်းမာပြီး ကိုယ်အလေးချိန်ပြည့်မီသော ရင်သွေးငယ်များကို မွေးဖွားနိုင်မည်ဆိုသည်ကို သဘောပေါက်သင့်ပါသည်။ သန္ဓေသားနှင့် နို့စို့ကလေးကြီးထွားမှုအတွက် ပရိုတင်းအာဟာရ လုံလောက်စွာရရှိစေရန် အသား၊ ငါး၊ ပုစွန်၊ အသည်း၊ ဥ၊ နို့နှင့် ပဲအမျိုးမျိုးတို့ကို ပိုမိုစားသုံးပေးရပါမည်။ သန္ဓေသား၏ သွေးနှင့်ကြွက်သားများ တည်ဆောက်ရာတွင် လိုအပ်သည့် သံဓာတ် လုံလောက်စွာရရှိစေရန် သံဓာတ်ကြွယ်ဝသည့်အစာများကိုလည်း ပိုမိုစားသုံးပေးရမည်ဖြစ်ပြီး သန္ဓေသားနှင့် နို့စို့ကလေး၏ အရိုးနှင့်သွားများ တည်ဆောက်ရာတွင် လိုအပ်သည့်ထုံးဓာတ် လုံလောက်စွာရရှိစေရန် ထုံးဓာတ်ကြွယ်ဝသည့်အစာများကိုလည်း စားသုံးပေးရမည်ဖြစ်ပါသည်။

နို့တိုက်မိခင်သည် အာဟာရဓာတ်ကြွယ်ဝသည့် အစားအစာများကို စုံလင်မျှတစွာ စားသုံးပေးရမည် ဖြစ်ပါသည်။ နို့တိုက်မိခင်များသည် ထမင်းကို အသား၊ ငါးဟင်းစသည်တို့နှင့်စား၍ရပါသည်။ ဒန့်သလွန်ရွက်၊ မြင်းခွာရွက် စသည့်အသီးအရွက်များကိုလည်း ပေါပေါ များများစားပေးရပါမည်။ မီးဖွားပြီးစ နို့တိုက်မိခင်များသည် အစားရှောင်ရန် မလိုအပ်ပါ။ ကျန်းမာရေးဌာနများကလည်း မီးဖွားပြီးစ နို့တိုက်မိခင်တွေကို အစားမရှောင်ရန် ပညာပေးလျက်ရှိပါသည်။

မိခင်နို့တွင် ဗီတာမင်ဓာတ်များ အပြည့်အဝပါဝင်စေရန် အသီးအနှံများကို စားသုံးပေးရပါမည်။ အထူးသဖြင့် မျက်စိအားကောင်းစေသော ဗီတာမင်အေဓာတ် ရရှိစေရန် အဝါရောင်အသီးများဖြစ်သည့် သင်္ဘောသီးမှည့်၊ သရက်သီးမှည့်နှင့် အစိမ်းရောင်ဟင်းရွက်များကို နေ့စဉ်ပုံမှန် စားသုံးပေးရပါမည်။ ရေ၊ ဟင်းချိုရည်၊ နွားနို့ စသည့်အရည်များကိုလည်း ဆန္ဒရှိသလောက် သောက်သုံးပေးရပါမည်။ ဤကဲ့သို့ ဂရုတစိုက်နှင့် စနစ်တကျစားသောက်မည်ဆိုပါက မိခင်နို့တွင်လိုအပ်သော အာဟာရဓာတ်များ အပြည့်အဝပါဝင်မည်ဖြစ်ပါသည်။

နို့တိုက်မိခင်စားသောက်သော အစားအစာများတွင် ဗီတာမင်ဘီ-၁ နှင့် ဗီတာမင်အေတို့ပြည့်ဝစွာ ပါဝင်စေဖို့ အရေးကြီးပါသည်။ဗီတာမင်ဘီ-၁ ချို့တဲ့မှုသည် မိခင်အား ထုံနာကျဉ်နာစွဲကပ်တတ်ပါသည်။

ထို့အတူ ဗီတာမင်ဘီ-၁ ချို့တဲ့နေသည့် မိခင်၏နို့ကို စို့နေရသော ကလေးငယ်သည်လည်း အသက်တစ်လနှင့် ခြောက်လကြားအရွယ်တွင် သူငယ်နာ ဘယ်ရီဘယ်ရီရောဂါကြောင့် ရုတ်တရက် အသက်သေဆုံးသွားနိုင်ပါသည်။ အဆိုပါ အဖြစ်အပျက်မျိုးသည် မြန်လွန်းသဖြင့် မိဘများက “သူငယ်နာကြောင့် ဖြစ်မှာပါ” ဆိုသည့် စကားကလွဲ၍ မည်သည့်အရာကိုမှ ရေရေရာရာ ပြောနိုင်မည်မဟုတ်ပါ။ အတွေ့အကြုံရှိသည့် ဆရာဝန်မှသာ ကလေးငယ် အသံဝင်သွားခြင်း၊ တအင်အင်ငိုညည်းခြင်း၊ ပြာနှမ်းခြင်း၊ အသက်ရှူခက်ခြင်း၊ အတွင်းတက် တက်ခြင်း၊ အသည်းကြီးနေခြင်း စသည့် လက္ခဏာများကို ကြည့်၍လည်းကောင်း၊ နို့စို့နည်းသွားခြင်း၊ ဆီးနည်းသွားခြင်း၊ မိခင် အစားရှောင်လွန်းခြင်း စသည့်ဖြစ်ရပ်တို့ကို ဆက်စပ်၍လည်းကောင်း ဗီတာမင်ဘီ-၁ ချို့တဲ့သည့်ရောဂါဟု ပြောနိုင်မည်ဖြစ်ပါသည်။

ဗီတာမင်ဘီ-၁ ထိုးဆေးထိုးပေးခြင်းဖြင့် အသက်ကယ်နိုင်သည့် အဆိုပါ ရောဂါကို ကာကွယ်ရန်အတွက် နို့တိုက်မိခင်သည် အစားမရှောင်ဘဲ ထမင်းနှင့်အတူ အသား၊ ငါး၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စုံလင်မျှတစွာ စားသောက်ပေးရန် လိုအပ်ပါသည်။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်၏ ရင်သွေးငယ်များ ကျန်းမာကြံ့ခိုင်စေရန် ကျန်းမာရေးဆိုင်ရာ စီမံချက်၊ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်ပေးနေပါသည်။ ကလေးမမွေးဖွားမီ ကိုယ်ဝန်ဆောင်မိခင်လောင်းဘဝမှစတင်၍ ကျန်းမာရေးပညာပေးမှုများ ပြုလုပ်ပေးနေပြီ၊ မွေးဖွားပြီးချိန်တွင်လည်း လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းတို့ကို အသက်အရွယ်အပိုင်းအခြားအလိုက် မလစ်ဟင်းရအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ နို့တိုက်မိခင်များကိုလည်း မိခင်နို့ စနစ်တကျတိုက်ကျွေးတတ်ရန်၊ ကလေးငယ်နှင့်မိခင်တို့ အာဟာရပြည့်ဝစွာ စားသောက်တတ်ရန် ပညာပေးမှုများကို ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပေးလျက်ရှိပါသည်။

ယခုနှစ် ဩဂုတ်လ ပထမပတ်အား “မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်”၊ ဒုတိယပတ်အား “ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်”၊ တတိယပတ်အား “ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်”၊ စတုတ္ထပတ်အား “အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်ရေး ရက်သတ္တပတ်” အဖြစ် ဆောင်ရွက်ရန် ဩဂုတ်၏ရက်သတ္တပတ်များအား အာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်များသတ်မှတ်၍ စီမံချက်လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါရက်သတ္တပတ်များအတွင်း ကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ယခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအတွက် ကျန်းမာရေးဌာနမှ အောက်ပါအတိုင်း ပညာပေးထားပါသည်-

ထွန်းအောင်လှ (လုပ်ငန်းခွင်ကျန်းမာရေး)

(၁) မွေးစမှ ကလေးအသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

(၂) အသက်(၆)လမှ (၅)နှစ်အောက် ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

(၃) အသက်(၂)နှစ်မှ (၅)နှစ်အောက် ကလေးများနှင့် မူလတန်းအရွယ် ကလေးများကို (၆)လတစ်ကြိမ် သန်ချဆေးတိုက်ပါ။

(၄) အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

(၅) ကိုယ်ဝန်(၃)လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေး တစ်ကြိမ်တိုက်ပါ။

(၆) ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး(၃)လအထိ ဗီတာမင်ဘီ-၁ ဆေးပြားတိုက်ကျွေးပါ။

(၇) မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

(၈) အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာ စားပါ။

အာဟာရပြည့်ဝစေရေးအပါအဝင် ကျန်းမာရေးပညာပေးမှုများ ဆောင်ရွက်သည့်အခါ ကျန်းမာရေးဝန်ထမ်းများမှ ပညာပေးနေရုံမျှနှင့် ပြီးပြည့်စုံသော ကျန်းမာရေးအခြေအနေများကို ပြည်သူလူထုအနေနှင့် အပြည့်အဝရရှိခံစားနိုင်မည်မဟုတ်ပါ။ ပြည်သူလူထုကိုယ်တိုင် ကျန်းမာရေး အသိပညာရှိရှိနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ကျန်းမာရေးအသီးအပွင့်ရလဒ်ကောင်းများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

အချို့သောတောရွာများတွင် (မြို့ကြီးများမှ အချို့သော မိသားစုများတွင်လည်း ရှိတတ်ပါသည်) မွေးကင်းစကလေးငယ်အား ချက်ကြိုးဖြတ်ပြီးနောက် ချက်ကြိုးထိပ်သို့ နနွင်းမှုန့်များထည့်သော အလေ့အထရှိတတ်ပါသည်။ မွေးကင်းစ ကလေးငယ်၏ ချက်ကြိုးထိပ်သို့ မည်သည့်အမှုန့်မှ မထည့်ရန် ကျန်းမာရေးဝန်ထမ်းများက ညွှန်ကြားထားပါသည်။ ဤကဲ့သို့သော ကျန်းမာရေးနှင့်မညီသည့် အယူအဆအမူအကျင့်များကို ရှောင်ကြဉ်ကြရန် သက်ဆိုင်သူအားလုံးတွင် တာဝန်ရှိပါသည်။

အစာအာဟာရဆိုင်ရာ လိုက်နာသင့်သော အချက်အလက်များအနေဖြင့် ကလေးသူငယ်များအား မွေးစမှ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန်၊ အသက် ခြောက်လမှစတင်၍ မိခင်နို့နှင့်အတူ ထမင်းနှင့် အာဟာရပြည့်ဝသော ဖြည့်စွက်စာအမျိုးမျိုးကို ကလေး၏အသက်အရွယ်အလိုက် စုံလင်အောင်ကျွေးမွေးရန်နှင့် ဖြည့်စွက်စာကျွေးရင်း မိခင်နို့ကို ကလေး၏အသက်နှစ်နှစ်အထိ ဆက်၍တိုက်ကျွေးရန်တို့ကိုလည်း ပညာပေးလျက်ရှိပါသည်။ ထို့ပြင် လူတိုင်းသည် အာဟာရဓာတ်များ စုံလင်မျှတစွာ ရရှိနိုင်စေရန် ဆန်၊ ဂျုံစသည့် ကောက်နှံအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ အသား၊ ငါး၊ နို့နှင့်ဥအမျိုးမျိုးတို့ကို စုံလင်အောင် စားသောက်ပေးရမည်ဖြစ်ပါသည်။

ကလေးငယ်များနှင့် ပျိုဖော်ဝင်အရွယ်များ အစွမ်းကုန်ကြီးထွား ဖွံ့ဖြိုးနိုင်စေရန် ခန္ဓာကိုယ်ကြီးထွားမှုကို အထောက်အကူပြုသည့် အစားအစာများကို ပို၍ကျွေးရပါမည်။ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များသည် အာဟာရပြည့်ဝသောအစာများကို ပိုစားပေးရပါမည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဖောဖောသီသီစားသုံးရန်၊ အဆီအမျိုးမျိုးကို ဆင်ခြင်၍စားသုံးရန်၊ မိမိအရပ်အမောင်းအလိုက် ရှိသင့်သည့်ကိုယ်အလေးချိန်ကို ထိန်းထားရန်၊ အငန်ကိုဆင်ခြင်၍ စားသုံးရန်၊ အိုင်အိုဒင်းဆားကိုသာ စားသုံးရန်၊ သန့်ရှင်းလတ်ဆတ်၍ ဘေးဥပဒ်အန္တရာယ်ကင်းသော အစာများကို ရွေးချယ်ဝယ်ယူစားသုံးရန်၊ ရေကိုလုံလောက်အောင်သောက်ရန်၊ အချိုရည်များကို ဆင်ခြင်၍သောက်သုံးရန်၊ ဆေးလိပ်မသောက်ရန်၊ ဆေးရွက်ကြီးမငုံရန်၊ အရက်ကို အလွန်အကျွံမသောက်သုံးရန် စသည့်အာဟာရပြည့်ဝမှုတပြီး ကျန်းမာစွာ အသက်ရှည်ရေးအတွက် လိုက်နာသင့်သောအချက်များကိုလည်း လူတိုင်းလိုက်နာသင့်ပါသည်။

အစားအသောက်နှင့်ပတ်သက်၍ မိရိုးဖလာယုံကြည်မှုများ၊ လူမျိုးအလိုက် ဓလေ့ထုံးစံများ၊ ဒေသအလိုက် အလေ့အထများ ရှိကြပါသည်။ အချို့သော ယုံကြည်မှု၊ ဓလေ့ထုံးစံနှင့် အလေ့အထများသည် ကျန်းမာရေးကို အထောက်အကူပြုသဖြင့် ဆက်လက်ကျင့်သုံးရပါမည်။ အချို့သောယုံကြည်မှု၊ ဓလေ့ထုံးစံနှင့် အလေ့အထများသည် ကျန်းမာရေးကို အထောက်အကူမပြုဘဲ အန္တရာယ်ပြုနိုင်သဖြင့် ယင်းတို့ကို ဆက်လက်မကျင့်သုံးသင့်ပါ။ ကလေးကို သားငါးကျွေးလျှင် သန်ထမည်၊ အသီးအရွက်ကျွေးလျှင် ဝမ်းပျက်မည်ဆိုသည့် ယုံကြည်မှုများမှာ မှားယွင်းပါသည်။ အသား၊ ငါးသည် ကလေး၏ကြီးထွားမှုအတွက် လိုအပ်သည့် ပရိုတင်းအာဟာရကြွယ်ဝသဖြင့် ကလေးများအား ကျွေးရပါမည်။ ထို့အတူ လတ်ဆတ်သော အသီးအရွက်များကို ကျွေးလျှင် ဝမ်းမပျက်ပါ။ သန်ကောင်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများသည် မသန့်ရှင်းမှုကြောင့် ဖြစ်ရကြောင်း နားလည်သဘောပေါက်သင့်ပါသည်။

ဘာသာရေးကြောင့်လည်းကောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း သက်သတ်လွတ်စားကြသူများ၊ အစားရှောင်ကြသူများရှိပါသည်။ ရှောင်သည့်အစာတွင် ပါဝင်သော အာဟာရဓာတ်အချို့ကို အခြားအစာများမှ ရရှိအောင် ဖြည့်စွက်၍ စားတတ်ရပါမည်။ လိုအပ်လျှင် ဗီတာမင်ဆေးများ မှီဝဲရပါမည်။ ထို့အတူ မှားယွင်းသည့် ယုံကြည်မှုအမျိုးမျိုးကြောင့်လည်း အစားရှောင်တတ်ကြပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များလည်း ထိုအထဲတွင် ပါဝင်နေပါသည်။ အဆိုပါဓလေ့သည် အာဟာရချို့တဲ့မှုကို ဖြစ်စေနိုင်သဖြင့် ကျန်းမာရေးဝန်ထမ်း ဆရာဝန် ဆရာမများ၏ အကြံဉာဏ်ကိုရယူ၍ အစာစုံလင်အောင် စားကြရမည်ဖြစ်ပါသည်။

ဆန်ကို ဆွတ်ဆွတ်ဖြူအောင် ကြိတ်ခွဲခြင်း၊ ရေနှင့်အထပ်ထပ်ဆေးခြင်း၊ ထမင်းရည်ငှဲ့၍ချက်ခြင်းတို့ကြောင့် ဗီတာမင်ဘီ-၁ အပါအဝင် အာဟာရဓာတ်များ ဆုံးရှုံးရပါသည်။ ထိုဓလေ့များကိုဖျောက်၍ ထမင်းရေခန်းချက်သည့်ဓလေ့ကို ကျင့်သုံးသင့်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လူတိုင်းသည် နေ့စဉ် အစားအသောက်များကို ခန္ဓာကိုယ်၏တောင်းဆိုချက်အရ စားသောက်နေကြရပါသည်။ ထိုကဲ့သို့ အစားအသောက်များ စားသောက်ရာတွင် အသက်ကို ဉာဏ်စောင့်ဆိုသကဲ့သို့ အစာလည်းဆေး၊ ဆေးလည်းအစာ၊ တန်ဆေး လွန်ဘေးဟူသော အဆိုများအတိုင်း အာဟာရလိုအပ်ချက်ကို ပြည့်ဝစွာ အပိုအလိုမရှိ လုံလောက်စွာရရှိစေရန် ချင့်ချိန်တွက်ဆ စားသုံးကြမည်ဆိုလျှင် ရောဂါဘယများကင်းရှင်း၍ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၇-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့ အိပ်မက်** (အပိုင်း-၂)
- ၁၁:၄၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အချစ်စုဘူးလေး**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၅)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၃ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၇။ လျှပ်တစ်ပြက်
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၅ ၉။ မြန်မာ့ရှုခင်း
- ၅:၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ **ဘဝကြေးမုံ (ပြန်လုပ်ပေးခဲ့တဲ့ ကျွန်တော်)** ကြာစိ၊ လုလု၊ ဒေါ်လွှင်လွှင်မြင့်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ- ဆဲဗင်း(အိုင်စီ)
- ၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၄၉)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း -၂၈)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၇၁)

ရှင်းလင်းတင်ပြ

ကလေးမြို့နယ် ဆည်ကြီးကျောက်ရိုးစီ သစ်သားတံတား (၁၁၅×၁၄× ၁၅)ပေ တည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၉ ရက်က ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေဝင်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

*** ရှေ့ဖုံးမှ**

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီးနောက် မှာကြားရာတွင် မိမိနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ရေကြီးပျက်စီးမှုရှိသည်များကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

နိုင်နိုင်နင်းနင်းဆောင်ရွက်

ပြည်နယ်ဝန်ကြီးချုပ် ရှင်းလင်းတင်ပြချက်များအရ ပြည်နယ်အတွင်း ရေကြီးမှုများကို ဒေသအစိုးရအဖွဲ့က နိုင်နိုင်နင်းနင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို သိရှိရကြောင်း။

ယခုအချိန်အခါတွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိနေကြပြီး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံလျက်ရှိနေကြရကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း ယမန်နှစ်ကနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်တွင် မိုးရွာရက် များလာသလို မိုးရွာသွန်းမှုလည်း ပိုမိုအားကောင်းသည်ကို တွေ့ရှိရကြောင်း။

လုပ်ငန်းစဉ်များအတွက် ဆုံးရှုံးမှုမရှိအောင်၊ ပျက်စီးမှုကို အချိန်မီ အစားထိုးနိုင်အောင် ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်လည်းလိုကြောင်း။

စစ်ဆေးဆောင်ရွက်

ထို့အပြင် ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်ရေး၊ ရေဘေးတွေ့ကြုံခံစားရသူများအတွက် နေရေး၊ စားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးမှုလုပ်ငန်းများကအစ ပြန်လည်အခြေချဆောင်ရွက်နိုင်သည်အထိ စဉ်းစားဆောင်ရွက်ပေးရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကယ်ဆယ်ရေးပစ္စည်းများ၊ သီးနှံအရန်မျိုးများ၊ ရိတ်သိမ်းခြွေလှေ့ရန် လိုအပ်သော စက်များကိုပါ အရန်အဖြစ် ဆောင်ထားရန်လိုကြောင်း။

မိမိတို့တွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အတွေ့အကြုံများလည်း ရှိပြီးဖြစ်၍ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထို့အပြင် မိမိတို့ ယနေ့နိုင်ငံတော်သမ္မတ ဦးစီးဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မကန်မှုများ မရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တောင်သူများအတွက် လိုအပ်သည့် အရင်းအနှီးများကို လိုအပ်သည့်အချိန်တွင် ရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ဤကဲ့သို့ တောင်သူများ၊ လက်လုပ်လက်စားများ၏ အသက်မွေးဝမ်းကျောင်းမှု စီးပွားရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးနိုင်ရေး စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်အောင် အနီးကပ်ကြီးကြပ်ပေးသွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဗဟိုလမ်းနှင့် ထားဝယ်တံတားလမ်းထောင့်ရှိ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ရောက်ရှိကြပြီး ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ ရှေးဟောင်းမွန်ပရိဘောဂပစ္စည်းများနှင့် ဗုဒ္ဓဆင်းတုတော်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှေးဟောင်းသုတေသန မိုးရွာသွန်းမှုကြောင့် မြစ်ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ် ကျရောက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤခရီးစဉ်အတွင်း မွန်ပြည်နယ်၏ အခြေခံနှင့် အဆင့်မြင့် ပညာရေးကဏ္ဍ အခြေအနေများကိုပါ လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

ယနေ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရမည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍတွင် တာဝန်ယူနေကြသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုလေ့ကျင့်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်၍ ဂုဏ်ယူပါကြောင်း။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မွန်ပြည်နယ်၏ အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်ချက် ရာခိုင်နှုန်းမှာ ပျမ်းမျှ ၄၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိသဖြင့် မွန်ပြည်နယ်၏ အခြေခံပညာကဏ္ဍသည် ကောင်းမွန်သည့် အနေအထားဖြစ်ကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မော်လမြိုင်မြို့ရှိ ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ကြိုတင်ပြင်ဆင်

ဤကဲ့သို့သော ကမ္ဘာ့ရာသီဥတုနှင့် မိမိတို့၏ ရာသီဥတုအခြေအနေများကို လေ့လာသုံးသပ်ကြည့်ခြင်းဖြင့် ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများ ရှိလာနေသည်ကို သိရှိပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်စဉ်းစား ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

မိုးရွာသွန်းမှု၊ ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု စသည့် သဘာဝဘေးအန္တရာယ်များနှင့်အတူ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အခက်အခဲ ပြဿနာများကိုပါ ထည့်သွင်းစဉ်းစား၍ ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုများ ဆောင်ရွက်ကြရန် လိုလာပြီဖြစ်ကြောင်း။

မိုးများလွန်းခြင်း၊ နည်းလွန်းခြင်း၊ အချိန်အခါမဟုတ် ရွာသွန်းခြင်း စသည့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့စသည့် အတွက် လုပ်ငန်း(၈)ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတ ဦးစီးသည့် ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး ဆပ်ကော်မတီများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကိုလည်း အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

လက်တွေ့ကျကျ

ဤလုပ်ငန်းစဉ်များအရ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများအတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သည့် အရင်းအနှီး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သော်လည်း မှန်မှန်ကန်ကန်ဖြစ်စေရန်နှင့် ရေရှည်အောင်မြင်ရန်အတွက် လက်တွေ့ကျကျ အကျိုးရှိစေအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိဒေသအခြေအနေအရ နိုင်နိုင်နင်းနင်း စဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အလွဲသုံးစားမှုများ၊ မမှန် အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းအုပ်ဆရာ ဆရာမကြီးများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား မွန်ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေက မွန်ပြည်နယ် ပညာရေးမှူးရုံး၏ ပညာရေးကဏ္ဍဆောင်ရွက်မှု၊ ပြည်နယ်အတွင်း ကျောင်းများဖွင့်လှစ်ထားရှိမှု၊ ကျောင်းသားဦးရေ၊ ဆရာ ဆရာမဦးရေ၊ ဆရာနှင့် ကျောင်းသားအချိုး၊ e-Education Learning Centre များ၊ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်ထားရှိမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မှု၊ အခြေခံပညာကျောင်း၊ အဆောက်အအုံ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက မှာကြားရာတွင် မိမိတို့အဖွဲ့သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း

ကြိုးစားသင်ယူ

ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် မိဘများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကျောင်းသားများ၏ ကြိုးစားသင်ယူမှု၊ ဆရာ ဆရာမများ၏ စာပေ သင်ကြားလိုစိတ်ရှိအောင် လေ့ကျင့်ပြုစုပေးခဲ့မှုတို့၏ ရလဒ်ပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး၊ မူလတန်းပညာပြီးဆုံးအောင် စဉ်ဆက်မပြတ် သင်ယူနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်မှုသည်လည်း အရှိန်ရလာနေပြီဖြစ်ပါကြောင်း။

တိုးပွားလာ

ဤကဲ့သို့ နိုင်ငံတော်က အလေးထား ဆောင်ရွက်ပေးမှုကြောင့် ယနေ့ဆိုလျှင် ကလေးသူငယ်များနှင့် မိဘတို့အကြား ပညာကို လိုလိုလားလား သင်ယူလိုသည့် စိတ်ဓာတ်များလည်း တိုးပွားလာလျက်ရှိနေကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

တိုးချဲ့ဖွင့်လှစ်

နိုင်ငံတော်အပိုင်းကလည်း ပညာသင်ယူမှု အခွင့်အလမ်းများ လွယ်လွယ်ကူကူ သင်ယူရရှိရေးအတွက် ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

မူလတန်းပညာ ပြီးဆုံးသွားပါကလည်း အလယ်တန်း၊ အထက်တန်း ပညာများကို ဆက်လက်သင်ယူနိုင်ရေးအတွက် အချို့သွားလာမှုခက်ခဲသည့် ဒေသများတွင် မူလွန်ကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့ကျောင်းအတွင်း ကွပ်ကဲမှု နိုင်နိုင်နင်းနင်းဖြစ်ရေး၊ သင်ကြားမှု အရည်အသွေး ပြည့်ဝရေးတို့အတွက် စနစ်တကျ ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

ပိုမိုထိရောက်

အုပ်ချုပ်ရေးအပိုင်း ကောင်းမွန်လာသည်နှင့်အမျှ သင်ကြားမှု အရည်အသွေးလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ အရေအတွက်ထက် အရည်အချင်း ပြည့်ဝရေးကိုလည်း ဦးစားပေး သင်ကြားပေးရန်လိုကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားမှု အရည်အသွေးမြင့်မားရေး၊ သင်ကြားမှု ပိုမိုထိရောက်ရေးအတွက်လည်း အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ စာပေသင်ကြားရေးအတွက် သင်ထောက်ကူပစ္စည်းများကို ပြည့်ပြည့်စုံစုံ အသုံးပြုသင်ကြားပေးနိုင်ရန်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားခြင်းဖြင့် ကျောင်းသားကျောင်းသူများ စာပေသင်ကြားရာတွင် ပိုမိုစိတ်ပါဝင်စားမှု ရှိလာပြီး စာတွေ့၊ လက်တွေ့ တိုးတက်လာနိုင်သည့် အကျိုးကျေးဇူးများ ရရှိလာမှာဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် ကျောင်းပြင်ပလုပ်ငန်းများနှင့် အံဝင်ခွင်ကျဖြစ်သည့် ပညာရှင်များအဆင့် ရောက်ရှိလာနိုင်မှာ ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မွန်ပြည်နယ်၏ ပညာရေးအဆင့်အတန်းကို ဆင့်ကဲဆင့်ကဲ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ဘာသာရပ်အလိုက် ပါရဂူဘွဲ့ကျမ်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတအား တက္ကသိုလ်ခန်းမ၌ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဌေးအောင်က တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ အထူးပြုဘာသာရပ်အလိုက် သင်ကြားပေးလျက်ရှိသည့် ကျောင်းသားဦးရေ၊ အတန်းအလိုက်၊ မြို့နယ်အလိုက် တက်ရောက်သည့် ကျောင်းသားဦးရေ၊ သင်ကြားရေးအတွက် အသုံးပြုလျက်ရှိသော အခန်းများ၊ IT Centre Room

များ၊ ဝန်ထမ်းရေးရာဆိုင်ရာများ၊ တည်ဆောက်ပြီး အဆောက်အအုံများ၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက မှာကြားရာတွင် နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာရှိ လူငယ်လူရွယ်များ အဆင့်မြင့်ပညာရပ်များကို လွယ်လွယ်ကူကူ သင်ယူနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဒေသအလိုက် တက္ကသိုလ်များကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

အခြေခိုင်မာ

ယခု မော်လမြိုင်တက္ကသိုလ်သည် ၁၉၅၃ ခုနှစ်က စတင်၍ ဖွင့်လှစ်ခဲ့သဖြင့် နှစ်ပေါင်း ၆၀နီးပါး သက်တမ်းရှိပြီး အခြေခိုင်မာသည့် တက္ကသိုလ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၈-၂၀၁၁ (တနင်္ဂနွေနေ့)
၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ ဘဒ္ဒန္တသောဘဏ (အဘိဓဇမဟာရဋ္ဌဂုရု) နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် သြဝါဒါစရိယ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဇဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း။
၇:၂၀ ၃။ **FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဆော်ဒီအာရေးဗီးယားအသင်းနှင့် နိုင်ဂျီးရီးယားအသင်း)**

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆၆)
၁၂:၃၀ ၅။ Golf Magazine (TV)
၁၂:၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ကိုယ်တိုင်ရေးပုံတူ** မင်းမော်ကွန်း၊ နန္ဒာလှိုင်၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၄:၂၀ ၇။ ဂီတသံစဉ်အလှဆင်
၁၄:၃၅ ၈။ အတီးပြိုင်ပွဲ
၁၄:၅၀ ၉။ International News

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL GRAND ROYAL CUP 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရက္ခပူရယူနိုက်တက်အသင်းနှင့် Southern Myanmar အသင်း)**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၄)
၆:၄၀ ၆။ ASEAN အဖွဲ့ဝင်မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ
၆:၄၅ ၇။ တစ်မျက်နှာ၊တစ်ကွက်စာ **ထင်မိယောင်မှား** မင်းရာဇာ၊ ဆုပန်ထွာ၊ ဗိုလ်သီရိခေတ် ဒါရိုက်တာ-မေတင်(MMG)
၇:၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၄)
၈:၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃၈)
၁၃။ မြန်မာဗီဒီယိုဇာတ်လမ်း **ထီးကလေး** ခန့်စည်သူ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ဇော်မြင့်ဦး)
၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်

MRTV-4 ရုပ်မြင်သံ

၇-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆:၃၀ MRTV-4 သတင်း
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၈)
၇:၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Saudi Arabia Vs Nigeria) LIVE

ပါရဂူဘွဲ့ကျမ်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတအား တက္ကသိုလ်ခန်းမ၌ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဌေးအောင်က တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ အထူးပြုဘာသာရပ်အလိုက် သင်ကြားပေးလျက်ရှိသည့် ကျောင်းသားဦးရေ၊ အတန်းအလိုက်၊ မြို့နယ်အလိုက် တက်ရောက်သည့် ကျောင်းသားဦးရေ၊ သင်ကြားရေးအတွက် အသုံးပြုလျက်ရှိသော အခန်းများ၊ IT Centre Room ကြီးအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသနေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မွန်ပြည်နယ် ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် ဆက်လက်အောင်အောင်မြင်မြင်ရပ်တည်နိုင်ရန် ကြိုးပမ်းသွားကြရန်လိုကြောင်း။

ဤတက္ကသိုလ်တွင် သင်ကြားပို့ချပေးလျက်ရှိသည့် အဏ္ဏဝါသိပ္ပံဘာသာရပ်သည် ဒေသတွင်ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များကို ဖော်ထုတ်၍ အကျိုးရှိရှိ အသုံးပြုနိုင်သည့် ဘာသာရပ်ဖြစ်ကြောင်း၊ ဒေသရှိပြီး ဈေးကောင်းလည်းရနေကြောင်း၊ ရော်ဘာကို ကုန်ကြမ်းအဖြစ် ရောင်းခြင်းမပြုဘဲ တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဤတက္ကသိုလ်မှ သုတေသနပြု ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတော် အပိုင်းကလည်း အမျိုးသားပညာရည် မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူမွေ့လက်ဆောင်အဖြစ် သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီးပုံတော်ကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့၏ ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့နယ်

များ၊ ဝန်ထမ်းရေးရာဆိုင်ရာများ၊ တည်ဆောက်ပြီး အဆောက်အအုံများ၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက မှာကြားရာတွင် နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာရှိ လူငယ်လူရွယ်များ အဆင့်မြင့်ပညာရပ်များကို လွယ်လွယ်ကူကူ သင်ယူနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဒေသအလိုက် တက္ကသိုလ်များကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

အခြေခိုင်မာ

ယခု မော်လမြိုင်တက္ကသိုလ်သည် ၁၉၅၃ ခုနှစ်က စတင်၍ ဖွင့်လှစ်ခဲ့သဖြင့် နှစ်ပေါင်း ၆၀နီးပါး သက်တမ်းရှိပြီး အခြေခိုင်မာသည့် တက္ကသိုလ်စီးပွားရေးအတွက် အထောက်အကူပြုသည့် ဘာသာရပ်ဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝသည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အဏ္ဏဝါသိပ္ပံဆိုင်ရာ လက်တွေ့အသုံးချနိုင်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘွဲ့ယူ သုတေသနစာတမ်းများသည်လည်း လက်တွေ့အသုံးချနိုင်သည့်စာတမ်းများ၊ သုတေသနပြုချက်များဖြစ်ရန်လိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့အပြင် မွန်ပြည်နယ်သည် ရော်ဘာ အဓိကစိုက်ပျိုးသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာလိုအပ်ချက် မြင့်တက်လျက်များ အပိုင်းကလည်း မိမိတို့ သင်ယူတတ်မြောက်ခဲ့သည့် ဘာသာရပ်များဖြင့် လက်တွေ့နယ်ပယ်နှင့် အံဝင်ခွင်ကျ အသုံးချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ရှိ ကျိုက္ခမီမြို့ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရေငန်တိုက်စားမှုကြောင့် ပြုပြင်ရန်လိုအပ်နေသော ဘုရားဖူးပြည်သူများ သွားလာသည့် စင်္ကြံကျောက်လမ်းကို ဆောက်လုပ်ရေး ပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ ပေါင်းစပ်ညှိနှိုင်းပြီး ပြုပြင်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် အဆိုပါစင်္ကြံလမ်း ပြုပြင်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

အများအားဖြင့် မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဩဂုတ် ၆

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၂	ကယားပြည်နယ်	၂၅	၂၁	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၄	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၃	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၃	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၃၁	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၃	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၃	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၁	၂၅	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၆	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၅	၂၆	နေရာကွက်၍မိုးထစ်ချုန်းရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီး၌ နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆:၃၀ MRTV-4 သတင်း
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၈)
၇:၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Saudi Arabia Vs Nigeria) LIVE
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၃၀)
၁၀:၂၅ MRTV-4 7th Anniversary Live Show [Day 1(Part-6)]
၁၁:၂၀ Sunday Talk (ဦးငြိမ်းမင်း၊ မျိုးမြတ်သူ)
၁:၅၅ မွေ့ခံထိုက်စေ
၁၂:၁၅ Activities in the City NUBOCELL DNA Repair Skin Care Product မိတ်ဆက်ပွဲအခမ်းအနား
၁၂:၃၅ 'ဝ'တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၁၂:၅၅ ရွှေမန်းမြေမှ ရွှေကြိုဂံ (သံတောင် Structure နှင့် ရေအားလျှပ်စစ်တာဘိုင်)
၁:၀၀ **သမ္ဗုဒ္ဓေဂါထာ** တရားတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **(အိမ်ထောင်စောစောပြုတာကောင်းတယ်၊ အိမ်ထောင်စောစောမပြုတာကောင်းတယ်)**
၃:၂၀ ဗီဒီယိုပြခန်း
၃:၄၅ လှပခေတ်မီ K-1 အကယ်ဒမီ (ဒီဇိုင်နာ ခင်မျိုးဝင်း)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၃၀)
၄:၅၅ အရည်အသွေးတို့၏ ပုံရိပ်များ
၅:၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅:၄၀ သွားမယ်စားမယ် (Sabai DMZ THAI RESTAURANT)
၆:၀၀ MRTV-4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၉)
၇:၀၅ MRTV-4 7th Anniversary Live Show [Day-2 (Part-1)]
၈:၀၀ MRTV-4 သတင်း
၈:၃၀ Community Shield 2011/12 (Manchester City Vs Manchester United) LIVE
၁၀:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၃၁)
၁၁:၂၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ပုံရိပ်ထင်ထင် အမိတက္ကသိုလ် ရင်ခွင်တေးများ) (အတွဲ-၂)
၁၁:၄၀ FIFA U-20 WORLD CUP COLOMBIA 2011 (Australia Vs Spain) (DELAY)
၁:၃၀ ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်းဘေးကြား
၁:၄၅ သန့်စွာကိုင်လေ စက္ကူငွေ…
၂:၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (Croatia Vs Guatemala) (DELAY)
၃:၄၅ ရင်သွေးအတွက် သတိတစ်ချက် (ညောင်ညောင်၊ မေသဉ္ဇာဦး၊ ဆုရှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရှုပါဦး) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၃:၅၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
၄:၀၅ လမ်းကလေးပေါ်မှာ စည်းချက်ညီညီ မောင်းကြစို့
၄:၂၀ စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
၄:၄၀ ကြည်နူးမြတ်နိုးဖွယ် အလှအပများစုဝေးရာ ပဒုမ္မာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Community Shield 2011-12 ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Man City - Man U	Star Sports (Live)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ဒါရိုက်တာ-မေတင်(MMG)
၇:၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၄)
၈:၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃၈)
၁၃။ မြန်မာဗီဒီယိုဇာတ်လမ်း **ထီးကလေး** ခန့်စည်သူ၊ ထက်ထက်မိုးဦး (ဒါရိုက်တာ-ဇော်မြင့်ဦး)
၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလားနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်သိုင်းပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၆

၂၀၁၁ ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ ဥက္ကဋ္ဌဖလားသိုင်းပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် သိုင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။(ယာပုံ)

သတင်းမှတ်စုနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

ပြန်လည်အပ်နှံ

အစီအစဉ်အရ ယမန်နှစ် ချန်ပီယံ အသင်းများက လက်သိုင်းတံခွန်စိုက်ဒိုင်း၊ ဓားသိုင်းတံခွန်စိုက်ဒိုင်း၊ စွမ်းရည်ပြတံခွန်စိုက်ဒိုင်း၊ စွယ်စုံတံခွန်စိုက်ဒိုင်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ပြန်လည်အပ်နှံကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပန်ကြပ်ဆီလပ် ဝိတ်တန်းအလိုက် ပြိုင်ပွဲနှင့် ဓား တစ်လက် အတိုက်ဝိတ်တန်းအလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅နာရီအထိ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၆

၂၀၁၁ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တက်ရောက်၍ အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယနေ့ အမျိုးသားပွဲစဉ် အုပ်စု(က)တွင် မိုင်းဖြတ်ခရိုင်အသင်းက ကျောက်မဲခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အုပ်စု(ခ)တွင် ကျိုင်းတုံခရိုင်အသင်းက မူဆယ်ခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)တွင် တာချီလိတ် ခရိုင်အသင်းက ကွမ်းလုံခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အုပ်စု(ဃ)တွင် လွိုင်လင်ခရိုင်အသင်းက လောက်ကိုင်ခရိုင်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၆

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော်အားကစားကွင်းတွင် သစ်တောရေးရာဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေးအားကစား ကွင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဩဂုတ်၈ရက်ပွဲစဉ်များအဖြစ် အမှတ်(၂)နေပြည်တော်အားကစားကွင်းတွင် (ဂဂ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစား ကွင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြင့်မောင်စိုး-ရေးသားသည်

ကိုလံဘီယာမှ လူးဝစ်မူရီရယ်(ဝဲ)နှင့် တောင်ကိုရီးယားကစားသမား မင်ဆန်ဂီတို့ ဤသို့အကြိတ်အနယ်…။

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အသင်း ၁၃ သင်း နောက်တစ်ဆင့်တက်လှမ်း

ဘိုဂိုတာ (ကိုလံဘီယာ) ဩဂုတ် ၆

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဩဂုတ် ၅ ရက်က ကိုလံဘီယာနိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(က)မှ အိမ်ရှင် ကိုလံဘီယာအသင်းက တောင်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စုတွင်း သုံးပွဲဆက်တိုက်အနိုင်ရကာ နောက်တစ်ဆင့်တက်ခဲ့သည်။

တစ်အုပ်စုတည်း ပြင်သစ်အသင်းက မာလီကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး ရမှတ်ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်တက်ခဲ့သည်။

အုပ်စု(ခ)

အုပ်စု(ခ)ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းက နယူးဇီလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စုတွင်း ဦးဆောင်မှုရရှိခဲ့သည်။ ယင်းအုပ်စုတွင် ကင်မရွန်းက ဥရုဂွေးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယူ-၂၀ အုပ်စုနောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၇ ရက်(ယနေ့)တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပွဲစဉ်များမှာ ဩစတြေးလျနှင့် စပိန်၊ အီကွေဒေါနှင့် ကော်စတာရီကာ၊ ဆော်ဒီအာရေဗျနှင့် နိုင်ဂျီးရီးယား၊ ခရိုအေးရှားနှင့် ဂွါတီမာလာတို့ ဖြစ်သည်။

နောက်ဆုံး ၁၆ သင်း

နောက်ဆုံး ၁၆သင်း ပြိုင်ပွဲသို့ တက်ရောက်လာသော အသင်း ၁၃သင်းမှာ ကိုလံဘီယာ၊ ပြင်သစ်၊ တောင်ကိုရီးယား၊ ပေါ်တူဂီ၊ ကင်မရွန်း၊ စပိန်၊ နိုင်ဂျီးရီးယား၊ ဆော်ဒီအာရေဗျ၊ ဘရာဇီး၊ အီဂျစ်၊ အာဂျင်တီးနား၊ မက္ကဆီကိုနှင့် အင်္ဂလန်တို့ဖြစ်ကြသည်။ (အင်တာနက်)

ဥရောပချန်ပီယံလိဂ်အုပ်စုဝင်ခွင့်ခြေစစ်ပွဲ အာဆင်နယ်နှင့် အူဒီးနိစ်တွေ့မည်

လန်ဒန် ဩဂုတ် ၆

ဥရောပချန်ပီယံလိဂ်အုပ်စုဝင်ခွင့် ခြေစစ်ပွဲစဉ်များကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ အာဆင်နယ်အသင်းက အူဒီးနိစ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် လာမည့် ဩဂုတ် ၁၆ ရက်တွင် အီတလီကလပ် အူဒီးနိစ်အသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။ ၎င်းပြိုင်ပွဲအပြီး ခုနစ်ရက်အကြာ အီတလီသို့ ဒုတိယအကျော့ အာဆင်နယ်တို့ သွားရောက်ကစားရမည် ဖြစ်သည်။

ယှဉ်ပြိုင်ကြမည်

ထိုအတောအတွင်း ဘိုင်ယန်မြူးနစ်အသင်းက အက်ဖ်စီဇူးရစ်နှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ဒတ်ချ်ကလပ် အက်ဖ်စီတွမ်တီးကလည်း ဘင်ဖီကာနှင့် ကစားရမည်ဖြစ်သည်။ ပြင်သစ်ကလပ် လိုင်ယွန်က ရုရှားကလပ် ရူဘင်ကာဇန်နှင့်ဆုံမည်ဖြစ်သည်။ အခြားပွဲများအဖြစ် ဝစ်ဆလာကရာကောနှင့် အေပိုးလ် နီကိုးရှား၊ မက္ကာဘီဟိုင်ဖာနှင့် ဂျင့်(ခ်)၊ ဒိုင်နမိုဇာဂရက်နှင့် မော်မို၊ အက်ဖ်အက်ဖ် ကိုပင်ဟေဂင်နှင့် ပါဇန်၊ ဘီတ်နှင့် အက်စ်ကေစတန်းဂရပ်၊ အိုဒန်ဆေးဘီကေနှင့် ဗီလာရီးရဲတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဥရောပချန်ပီယံလိဂ်ဖလားကိုတွေ့ရစဉ်။

အဆိုပါ ပွဲစဉ်များကို လာမည့် ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပထမအကျော့ကစားပြီး ဒုတိယ အကျော့အဖြစ် ဩဂုတ် ၂၃ နှင့် ၂၄ တို့တွင် ကစားကြမည် ဖြစ်သည်။ နှစ်ကျော့ပေါင်းအနိုင်ရသည့်အသင်းများသည် အလိုအလျောက် ခြေစစ်ပွဲအောင်အသင်း ၂၂ သင်းနှင့်အတူ အုပ်စုပြိုင်ပွဲကစားခွင့် ရရှိကြမည် ဖြစ်သည်။ (အင်တာနက်)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ပခုက္ကူမြို့နယ် လယ်ပြင်မြောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်နီနီအောင်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့် အမှုဆောင်အရာရှိ ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၀၂)

ကျုံပျော်မြို့ ကျုံးဒေါင့်ကြားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဂါလန် ၁၂၀၀ဆံ့ အများသုံးရေလှောင်ကန် တည်ဆောက်ပြီးစီးမှုကို ဩဂုတ် ၁ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနိုင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ချယ်ရီလမ်းတစ်လျှောက် အဖွဲ့ဝန်ထမ်းများ ရေမြောင်းများဆယ်ယူနေခြင်းကို ဇူလိုင် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တောင်ကုတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးပြီး ကတ္တရာလမ်းပေါ်၌ တင်ကျန်နေသောရွှံ့နွံများကို ဇူလိုင် ၂၁ ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမြသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့ကြီးကြပ်မှုဖြင့် ရှင်းလင်းဖယ်ရှားစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ သတင်းကြေညာချက်

နေပြည်တော်၊ ၁၃၇၃ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၆ ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၁ ခုနှစ် ဩဂုတ်လ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲကို ဩဂုတ် ၁၂ရက်မှ ၁၆ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားရတနာကုန်သည်များကို သတ်မှတ်ချက်များနှင့်အညီ ၂၀၁၁ ခုနှစ်၊ အဆင့်နိမ့် အသားကျောက်ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၂၀၁၁ ခုနှစ် အဆင့်နိမ့်အသားကျောက်ရောင်းချပွဲကို မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည်ဖြစ်ပြီး တက်ရောက်ဝယ်ယူလိုသူနိုင်ငံသားရတနာကုန်သည်များသည် ၂၀၁၁ ခုနှစ် ဩဂုတ် ၈ ရက်မှ ၁၂ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ သတင်းကြေညာချက်

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၆ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၁ခုနှစ်၊ အဆင့်နိမ့်အသားကျောက် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၁၂ရက်မှ ၁၆ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၁ခုနှစ်၊ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၁ခုနှစ်၊ အသားကျောက်ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို မြန်မာကျပ်ငွေဖြင့်ရောင်းချမည်ဖြစ်ပြီး နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းအတွဲများကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၃ရက်မှ ၉ရက်အထိ စစ်ဆေးလက်ခံခြင်း၊ ခင်းကျင်းခြင်းများကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ ၂၀၁၁ခုနှစ်၊ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်ရုံးခွဲ)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်း) မြို့များတွင် အခြေပြုသည့် ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးဌာန (စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။။။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

မုဒုံမြို့နယ် မြခွာညိုလမ်း ကတ္တရာခင်းဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် တွံတေးမြို့နယ်၌ ဖွင့်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရွှေလှေချောင်(တွံ) ကျေးရွာအုပ်စု အမ္ဗတီကျေးရွာ ပညာရွှေရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးဦးသန်းထိုက်၊ ရပ်မိရပ်ဖ ဦးတင်စိန်နှင့်စာကြည့်တိုက်ကော်မတီဝင် ဦးအေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ယာပုံ)

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး၊ ရပ်မိရပ်ဖ ဦးမင်းဇော်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၀၊ ကျေးရွာအလှူရှင်များက စာကြည့်တိုက်အတွက် ငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ဗီရိုတစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်ခြောက်လုံး လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်မှာ အုတ်ညှပ်၊ သွပ်မိုး (၂၄×၁၅)ပေ ဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

MBA သင်တန်းများ ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဩဂုတ် ၆

ကမ္ဘာ့အဆင့်မီပညာရေးကို ပြည်တွင်းရှိ ကျောင်းသားများ ကုန်ကျစရိတ်သက်သာပြီး အရည်အသွေးပြည့်မီစွာ သင်ယူနိုင်ရေးအတွက် STI Education က The Open University of Hong Kong နှင့် ပူးပေါင်း၍ MBA ဘွဲ့သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါ သင်တန်းတွင် Strategy, Strategic Human Resources Management, Investment & Portfolio Management, International Management Strategy, International Marketing Strategy, Advanced Information Systems & Electronic Commerce Strategy စသည့်ဘာသာရပ်များကို ပြည်တွင်း ပြည်ပမှ ဝါရင့်အတွေ့အကြုံရှိ ဆရာ၊ ဆရာမကြီးများမှ ရုံးချိန်ပြင်ပတွင် သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းအောင်မြင်ပြီးစီးပါက Hong Kong တွင် တစ်နှစ် တစ်ကြိမ်ကျင်းပသည့် ဘွဲ့နှင်းသဘင်သို့ ကိုယ်တိုင်သွားရောက်ရယူနိုင်မည်ဖြစ်သည်။

လျှောက်ထားနိုင်

STI တွင် ဖွင့်လှစ်မည့် အောက်တိုဘာ Intake ကို တက်ရောက်လိုသူများသည် မိမိတို့၏ ပညာရေးဆိုင်ရာ အချက်အလက်များနှင့် Registration Fees (30 USD) ပေးသွင်း၍ ဩဂုတ်လကုန် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက STI Education တည်ရှိရာအဆောင်(၄) အခန်း ၇ Myanmar Info-Tech, Hlaing Campus လှိုင်မြို့နယ်သို့လည်းကောင်း၊ အမှတ် ၃၇၇ ရွှေဘုံသာ(အထက်)လမ်း ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈ တို့ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပျိုးပွဲ တီးတိန်၌ ကျင်းပ

တီးတိန် ဩဂုတ် ၆

ချင်းပြည်နယ် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက တီးတိန်မြို့ ဘွာလ်ဇန်(ရှောင်စောန်း) ရပ်ကွက်၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးဇမ်ဆွမ်းခိုင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက ထင်းရှူး၊ ခါတော်မီ၊ ယူကလစ်၊ ချယ်ရီ စသည့် ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဇူလိုင် ၄ ရက်က ပုလောမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင်၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေး ပြုလုပ်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

Human Resource Seminar ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

Human Resource Association of Myanmar (HRAM) က ကြီးမှူး၍ Human Resource Seminar ကို ဩဂုတ် ၁၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးအေးကျော် (MHR) က The Role of HR Association in National Development ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Capacity Development for HR Professional ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

မြန်မာ့အလင်း မှုခင်းသတင်း ၆-၈-၂၀၁၁

နှစ်လုံးထီ လောင်းကစားသူများ မိတ္ထီလာ၌ အရေးယူ

လောင်းကစားမှု ပပျောက်ရေးစီမံချက်အရ မိတ္ထီလာခရိုင်အတွင်း နှစ်လုံး၊ သုံးလုံး လောင်းကစားသူများအား ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး၏ဦးဆောင်မှုဖြင့် သာစည်ရဲစခန်းမှုနယ်ထိန်း ဒုတိယရဲအုပ်သန်းမြင့်ဦးသည် ဩဂုတ် ၁ ရက်က သာစည်မြို့ အမှတ်(၅) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်မင်း၊ အမှတ်(၄) ရပ်ကွက် ရာအိမ်မှူး ဦးအေးကျော်တို့နှင့်အတူ သာစည်မြို့ အမှတ်(၁) ရပ်ကွက်နေ ဒေါ်သန်းသန်းခိုင် (၃၃ နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေစဉ် နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ခုနစ်မျိုးနှင့်အတူ လောင်းကြေးငွေကျပ် ၁၁၅၀၀၀ကို သက်သေခံပစ္စည်းများနှင့်အတူတကွ ဖမ်းဆီးရမိခဲ့သည်။

အလားတူ မိတ္ထီလာမြို့အမှတ်(၃) ရဲစခန်းမှ နယ်ထိန်း ဒုတိယရဲအုပ်မျိုးမင်းဟန်သည် ဩဂုတ် ၁ ရက်က မိတ္ထီလာမြို့နယ် စက်မှုဇုန်ရပ်ကွက်ရှိ ဦးလှဖေ၏ အိမ်ကို သတင်းအရ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုး၊ ရာအိမ်မှူး ဦးလှဆင့်တို့နှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ ဦးလှဖေ (၆၀ နှစ်)၏ နေအိမ်မှ နှစ်လုံး၊ သုံးလုံး လောင်းကစားပစ္စည်းများ ၁၅ မျိုးနှင့်အတူ လောင်းကြေးငွေ ၁၅၆၅၀၀ကျပ်ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဦးလှဖေအား ဖမ်းဆီးအရေးယူထားသည်။

ထို့အတူ မိတ္ထီလာမြို့ အမှတ်(၂) ရဲစခန်းမှ ဒုတိယရဲအုပ်တင်ထွန်းနိုင်သည် ဩဂုတ် ၁ ရက်က ဝန်ဇင်းရပ်ကွက် ရာအိမ်မှူး ဦးသာလှ၊ ဦးကျော်ဝေတို့နှင့်အတူ ဝန်ဇင်းရပ်ကွက်နယ်မြေ ၁၅၊ ဇောတိကလမ်းနေ ဦးကျော်ဦး (၅၀ နှစ်) နေအိမ်သို့ ရှောင်တခင်ဝင်ရောက်ရှာဖွေခဲ့ရာ ဦးကျော်ဦးထံမှ နှစ်လုံးထီလောင်းကစားပစ္စည်း ရှစ်မျိုးနှင့်အတူ လောင်းကြေးငွေကျပ် ၁၀၈၅၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

(၀၁၂)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

တောင်ငူမြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

တောင်ငူမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲနှင့် ၂၀၁၀-၂၀၁၁ခုနှစ်ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ပြည်ပမှပါရဂူဘွဲ့ရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဩဂုတ် ၂၁ ရက် (တနင်္ဂနွေနေ့)တွင် ဗဟန်း ကြားတောရလမ်း မင်္ဂလာဈေးမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၏ သားသမီးများသည် အထောက်အထားများနှင့်တကွ ဥက္ကဋ္ဌ ဦးထွန်းထွန်း ဖုန်း-၃၇၅၃၈၄၊ တွဲဖက်အတွင်းရေးမှူး ဦးတင်လှ ဖုန်း-၇၂၂၇၈၅၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်စမ်း ဖုန်း-၅၁၉၅၀၉သို့ ဩဂုတ် ၇ ရက် နောက်ဆုံးထားပြီး ပေးပို့ကြရန်နှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိသားစုများနှင့်အတူ တက်ရောက်ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် Bachelor of Engineering (B.E)သင်တန်းများ ဖွင့်လှစ်မည်ဖြစ်သဖြင့် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၁ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဂ) နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် ကွန်ပျူတာတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရှိသော ဘာသာတွဲများဖြင့် စုစုပေါင်းရမှတ် ၃၅၀ နှင့်အထက် ရရှိထားသူများ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာနည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် အခမဲ့ရယူနိုင်ပြီး လိုအပ်သည်များကိုဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၉-၈-၂၀၁၁ရက် နောက်ဆုံးထားပြီး မိမိလျှောက်လွှာရယူထားသည့် နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လူကိုယ်တိုင်လာရောက် သတင်းပို့ လျှောက်ထားရမည်ဖြစ်သည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မိတ္တူ)

(ဂ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာ(မူရင်း)

(င) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံလေးပုံ

၃။ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအစီအစဉ်ဖြင့် မိမိလျှောက်လွှာတင်ထားသည့် နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၈-၈-၂၀၁၁ရက် (တနင်္ဂနွေနေ့)တွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းနှင့်အညီဖြေဆိုရမည်-

(က) အင်္ဂလိပ်ဘာသာ - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ

(ခ) သင်္ချာဘာသာ - မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ

၄။ ဖြေဆိုခွင့်ရသူများ၏ အမည်နှင့် ခုံအမှတ်များစာရင်းကို ၂၂-၈-၂၀၁၁ရက်၌ သက်ဆိုင်ရာစာစစ်ဌာနများတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး တစ်ဦးချင်းထံ အကြောင်းကြားမည်မဟုတ်ပါ။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကိုလည်း သက်ဆိုင်ရာစာစစ်ဌာနများတွင် တစ်ပါတည်းထုတ်ပေးမည်ဖြစ်သည်။

၆။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း(မူရင်း)ကို တစ်ပါတည်းယူဆောင်လာရမည်။

၇။ ရေးဖြေစာမေးပွဲအောင်စာရင်းကို သက်ဆိုင်ရာစာစစ်ဌာနများ၌ ၃၀-၉-၂၀၁၁ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ဝင်ခွင့်စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနများ၌ ၆-၁၀-၂၀၁၁ရက်နှင့် ၇-၁၀-၂၀၁၁ရက်များတွင် လူတွေ့စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်ဖြစ်သည်။

၉။ အတည်ပြုရွေးချယ်သည့် သင်တန်းသားများစာရင်းကို သက်ဆိုင်ရာစာစစ်ဌာနများ၌ ၁၄-၁၀-၂၀၁၁ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၁၀။ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)တွင် အောက်ဖော်ပြပါ အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ၅ နှစ်ဖြစ်ပါသည်-

(က) B.E (Information Science)

(ခ) B.E (Computer Engineering)

(ဂ) B.E (Electronic Engineering)

(ဃ) B.E (Precision Engineering)

(င) B.E (Advanced Materials Engineering)

၁၁။ အထူးပြုဘာသာရပ်အလိုက် လက်ခံသင်ကြားပေးမည့် ကျောင်းသား၊ ကျောင်းသူများကို ၎င်းတို့၏ဝင်ခွင့်စာမေးပွဲရမှတ်များနှင့် ဦးစားပေးလျှောက်ထားမှုတို့အပေါ်တွင် မူတည်၍ ခွဲဝေသတ်မှတ်ပေးမည်။

၁၂။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)ရှိ သင်တန်းများ စတင်ဖွင့်လှစ်မည့်ရက်ကို အချိန်မီထုတ်ပြန်ကြေညာပေးမည်။

၁၃။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်း မပြုသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၄။ အသေးစိတ်သိရှိလိုပါက နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး) ဖုန်း-၀၂-၅၁၇၈၁၀၀၊ ၀၂-၅၁၇၈၂၀၀ နှင့် နည်းပညာတက္ကသိုလ်များ ကြီးကြပ်ရေးအဖွဲ့ ဖုန်း-၀၆၇-၄၀၄၁၈၂၊ ၀၆၇-၄၀၄၃၉၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မုန့်လုပ်ငန်းရှင်များနှင့် စားသုံးသူမိဘပြည်သူများ
အတွက် သတင်းကောင်း

မန္တလေးနို့ထွက်ပစ္စည်းစက်ရုံ Myanmar Dairy Industries Ltd . မှ ထုတ်လုပ်သော နိုင်ငံတကာအဆင့် မီ Dairy Queenနို့မှုန့်များကို -

- SKIM MILK POWDER
- WHOLE MILK POWDER (25 kg) အိတ်များ, (400 gm, 20gm)

အထုပ်ငယ်များကို အိမ်သုံးနှင့်လုပ်ငန်းရှင်များ အတွက် ဈေးနှုန်းမျှတစွာဖြင့် လက်လီ/ လက်ကား ရောင်းချပေးနေပါပြီ.........

- မန္တလေးနို့ထွက်ပစ္စည်းစက်ရုံ တောင်မြောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
- ဖုန်း- 02-51-53767,53768,53769
- အမှတ်524၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကမ်းနားလမ်းထိပ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
- ဖုန်း- 01-210249,210439

မိဘအမည်မှန်

လားရှိုးမြို့၊ အထက-၆၊ ဆဋ္ဌမတန်း (က) မှ နန်းခမ်းလင်း၏ဖခင်ဦးစိုင်းရီအားဦးရီထွန်းဟုလည်းကောင်း၊ မိခင်ဒေါ်အေးထွမ်းအား ဒေါ်အဲထွန်းဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

ဦးရီထွန်း ၁၃/လရန(နိုင်)၀၃၃၇၆၆
ဒေါ်အဲထွန်း ၁၃/သပန(နိုင်)၀၁၉၈၅၂

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက-၆၊သတ္တမတန်း (A)မှ မခွာညို၏ဖခင်အမည်မှန်မှာ ဦးမာကောကျိုးဖြစ်ပါကြောင်း။

ဦးမာကောကျိုး၁၃/လရန(နိုင်)၁၆၇၂၅၄

အမည်နှင့် မိဘအမည်မှန်

တာချီလိတ်ခရိုင်၊တာလေ (အထက)၊ ဆဋ္ဌမတန်း(B)မှ မောင်ကက္ကုန၏အမည်မှန်မှာ မောင်ကာနေဖြစ်ပြီး မိဘအမည်မှန်မှာ ဦးမျိုးမြင့်အောင်-ဒေါ်နာတဲ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လူနေရပ်ကွက်အမှတ် ဝေဇယန္တာရိပ်မွန်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄.H၊ မြေကွက်အမှတ်၁၀၊ ဧရိယာ ၀ ဒသမ ၁၁၇ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၀၊ ဝေဇယန္တာလမ်း၊ ဝေဇယန္တာရိပ်မွန်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်မြ ၁၂/ပဘတ(နိုင်)၀၂၁၅၁၈၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ရီရီဝင်း ၉/မကန(နိုင်)၀၃၂၄၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာလာဆွေ(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၆၄၆၆)
LL.B, H.G.P, D.B.L, D.M.L, D.I.L, D.A.Psy.
အမှတ် ၁၁၊ ဦးဘဟန်လမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၇၈၂၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဂီတမာလာလမ်း၊ အမှတ်၉ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်၆၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်(၁.ဃ/၁. A)၊ မြေဧရိယာ ၀ ဒသမ ၁၅၇ ဧကရှိ နှစ် ၆၀ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်မြင့်နှင့် ဒေါ်ခင်စန်းရီတို့ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူများထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်ပြုလုပ်သည့် အရောင်းအဝယ်စာချုပ်အမှတ်(၁၆၇၆/၂၀၁၁)အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းထွေးထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၈၆၇/၂၀၁၁) ရယူပြီးလက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးညီညီသန့်မှ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B **ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁ A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက-၆၊ အဋ္ဌမတန်း(က)မှ မနွယ်နွယ်ဝင်းနှင့် အဋ္ဌမတန်း (ဃ)မှ မောင်အောင်နိုင်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးအိုက်ပီး ၁/မကန(နိုင်)၁၈၉၉၆၄ ဖြစ်ပါသည်။

အမည်ပြောင်း

လားရှိုးမြို့၊ အထက-၆၊ အဋ္ဌမတန်း (က)မှ မကြူကြူသင်းအား မလှိုင်လှိုင်ဝင်းဟု ခေါ်ဆိုပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးကျင်တင်ဝမ် ဖြစ်ပါသည်။

ကွာရှင်းပြတ်စဲပြီးခြင်း

ကျွန်တော် မောင်ကျော်မောင်မောင် ၁၃/လရန(နိုင်)၁၀၅၄၄၅နှင့် ကျွန်မ မခက်ခက်ဝေ ၅/မရန(နိုင်)၀၃၇၈၄၇ တို့သည် လားရှိုးမြို့တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဝန်ထမ်းများ မှန်ကန်သောအတွေးအခေါ်များအပေါ် အခြေခံ
ပြည်သူနှင့်ထိတွေ့ဆက်ဆံရာ၌ ဝန်ထမ်းကောင်းပီသစွာ ပြောဆိုကျင့်ကြံ

နေပြည်တော် ဩဂုတ် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာ တွေ့ဆုံမှာကြားခြင်း အခမ်းအနားကို ဩဂုတ် ၅ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုဆောင်ရွက်လျက်ရှိသော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းစီမံချက်သည် မိမိတို့ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး (၃)ရပ်အနက်မှ

စာမျက်နှာ ၄ ကော်လံ ၁ ●

ဝန်ထမ်းများအား တွေ့ဆုံပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများကို တွေ့ဆုံပြောကြားစဉ်။ (သတင်းစဉ်)

ဧဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၆

ဧဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၆၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၃ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း
ယနေ့
ဖတ်စရာ၊
မှတ်စရာ

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် တွံတေးမြို့နယ်၌ ဖွင့်။
(စာ - ၁၁)

န၀မအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲဖွင့်။ (စာ - ၁၀)



ဥရောပချန်ပီယံလိဂ် အုပ်စုဝင်ခွင့်ခြေစစ်ပွဲ အာဆင်နယ်နှင့်အူဒီးနိစ် တွေ့မည်။
(စာ - ၁၀)